www.burmeseclassic.com

# နဖူးရေ ဒူးရေ

ILLUSTRATED BY KO SAN 2011

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၉၀၀၄၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၁၇၀၄၁၁ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ မေလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃

မြည့်ပိုင်မှူးအိမ်

နဖူးရေးဒူးရေ/မြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။

(၁) နဖူးရေးဒူးရေ


www.burmeseclassic.com

www.burmeseclassic.com

နပုံးရော ဒုံးရော

BURMESE CLASSIC

"မင်းသားတစ်ယောက် လုပ်မယ်ဆိုရင်တော့ ပရိသတ်တွေ လက်ခံနိုင်မဲ့ General appearance လည်းရှိမှဖြစ်မယ်"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"

"ဘာ. . . ဟုတ်ကဲ့လဲ"ဆိုသော ခပ်ဆတ်ဆတ်အမေး ကြောင့် သူ၏တပည့်ကျော် ဇော်ထွန်းတစ်ယောက် 'ဗျာ'ဟု အူကြောင် ကြောင်ထူးရင်း မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်သည်။

"မင်းကလေ. . . နေရာတကာ ရောရောချတယ်၊ မသိတာ တိုလည်း သိချင်ယောင်ဆောင်တယ်၊ ပြောစမ်း ငါပြောတဲ့ General appearance ဆိုတာ ဘာတုန်း"

"ဟို. . . ဟိုလေဆရာ"

ခေါင်းကုတ်ကာ 'ဟို'တွေ 'ဒီ'တွေလုပ်နေသော ဇော်ထွန်းကို

www.burmeseclassic.com

www.burmeseclassic.com

မြရင်အိုင်........

ကြည့်ရင်း သူခေါင်းခါဖြစ်သည်။

"မသိဘူးမဟုတ်လား"

"အဟဲ. . . မေ့တော့တော့ဖြစ်နေတယ်"

"တော်စမ်း. . . မသိရင်မသိဘူးပြော၊ ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသားနေစမ်းပါ"

ခပ်ငေါက်ငေါက်ဆိုသော သူ့စကားအဆုံးမှာ ဆရာသမားက ဟုတ်ကဲ့ဟု ကြောင်တောင်တောင်ပင် ဆိုသည်။

"မှတ်ထား. . . General appearance ဆိုတာ လူတစ်ယောက်ရဲ့ နဖူးရေ ဒူးရေကိုပြောတာ"

BURMESE CLASSIC

"ဟုတ်ကဲ့"

"ဒီတော့ ကိုယ်ပိုင်ဗွီဒီယိုထုတ်လုပ်ရေးထောင်ပြီး ကိုယ့်ငွေနဲ့ကိုယ် မင်းသားလုပ်မယ်ဆိုတဲ့ မင်းပြောတဲ့ချာတိတ်က ငါပြောတဲ့ General appearance ရှိရဲ့လား"

"ရှိပါတယ် ဆရာရဲ့၊ ဒီလူရဲ့ နဖူးရေဒူးရေကို ဆရာကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ တွေ့ပြီး သုံးသပ်ကြည့်ပါလားဆရာ၊ အဲဒါက ပိုကောင်းတာပေါ့"

တပည့်ကျော်ကြီး ဇော်ထွန်းက အထက်ပါအတိုင်း အကြံပြုသည်။

"တွေ့ကြည့်ရမှာပေါ့၊ မတွေ့ကြည့်လို့ရမလား၊ အလုပ်ပါးနေလို့ကတစ်ကြောင်း၊ မင်းသားသစ်တင်ပေးချင်တာကတစ်ကြောင်း ကြောင့်သာ အလုပ်လက်ခံရမှာ၊ တော်ကြာ မင်းသားဖြစ်ချင်ပါတယ် ဆိုတဲ့လူက ဘီလူးနဲ့မှင်စာ Mixing ဆွဲထားသလို ရုပ်ကြီးဖြစ်နေရင် ငါသိက္ခာကျမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆရာ၊ ဆရာက ဒါရိုက်တာအဖြစ်နဲ့ ရိုက်ရမှာဆိုတော့ ကိုယ်ကိုင်တွယ်ရမဲ့ သရုပ်ဆောင်သစ်ရဲ့ စီးပွားရေးကအစ၊ ငွေကြေးသုံးစွဲနိုင်မှုအလယ်၊ သရုပ်ဆောင်နိုင်မှုနဲ့ ရုပ်ရည်ရူပကာအဆုံး ဆရာကိုယ်တိုင် အကဲခတ်တာပဲကောင်းပါတယ်ဆရာ"

တပည့်ကျော်ကြီးက သူ့စကားကိုနင်းကာ ဆိုသည်။

"ဒါဖြင့် အဲဒီမင်းသားသစ်ကို မနက်ဖြန် အိမ်ခေါ်ခဲ့လိုက်၊ ငါ အကဲခတ်ကြည့်ပြီး သိပ်ဆိုးဆိုးရွားရွားမဟုတ်ရင် တင်ပြီးရိုက်ပေးလိုက်မယ်၊ အိမ်ငှားစာချုပ်ကလည်း ဒီတစ်ပတ်ထဲမှာ ပြည့်တော့မှာဆိုတော့ အိမ်ဆက်ငှားဖို့ကလည်း အရေးကြီးလာပြီမဟုတ်လား၊ မရိုက်လို့တော့ မရတော့ဘူး"

"စိတ်ချပါဆရာ၊ စပါယ်ရှယ် ရိုက်ဖို့သာပြင်ထား၊ ရိုက်လို့အဆင်ပြေရစေ့မယ်"

ဇော်ထွန်း၏စကားကြောင့် သူ 'ဘာလဲကွ'ဟု ခပ်ငေါက်ငေါက်ဆိုဖြစ်သည်။

"မင်းပြောတဲ့ပုံစံက ငါကပဲ အချဉ်ဖမ်းတော့မဲ့ပုံ ပေါက်နေတယ်၊ အနုပညာသမားကွ၊ ငွေတစ်ခုထဲအတွက်နဲ့ အသိတရားမဲ့ အလုပ်မလုပ်ဘူး မှတ်ထား"

"ဟုတ်ကဲ့ပါဆရာ"

သူ့စကားအဆုံးမှာ သူစိတ်တိုနေမှန်းသိသည်မို့ သကောင့်သားက ဟုတ်ကဲ့ပါဆရာဟု ရှိုရှိုကျိုးကျိုးပင်ဆိုသည်။

ဘာပဲပြောပြော ၎င်း၏ကြိုးပမ်းရှာဖွေခဲ့မှုကြောင့် အလုပ်တစ်ခုကတော့ ဖြစ်တော့မှာ အသေအချာပဲဖြစ်သည်။

××××



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့မှကားသံကြောင့် သူ ရင်ခုန်သလိုလိုပင် ဖြစ်ကာသွားသည်။ ပြတင်းလိုက်ကာစကို အသာဆွဲပြီး ချောင်းကြည့်သောအခါ ဘာအမျိုးအစားဟုပင် သူမခွဲခြားတတ်သော ကားအကောင်းစားတစ်စီးကို သူတွေ့လိုက်ရသည်။ ပြတင်းလိုက်ကာကို အသာပြန်ချရင်း ထိုင်ခုံမှာ အသာပြန်ထိုင်ကာ စာအုပ်တစ်အုပ်ကို အမြန်ကောက်ကိုင်ရင်း စာဖတ်ချင်ယောင်ဆောင်နေဖြစ်သည်။

သိပ်ကြာကြာတော့ သူ သရုပ်မဆောင်လိုက်ရ။ တပည့်ကျော်ကြီး ဇော်ထွန်းက 'ဆရာ ဧည့်သည်ပါတယ်'ဟု လှမ်းလာဆိုသောကြောင့် ဖြစ်သည်။

"ဩော်. . . အေး"

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို စားပွဲပေါ်တင်ကာ ညှော်သည်ကို လှမ်းကြည့်လိုက်သောအခါ ညှော်သည်က သူ့ကို ပြုံးပြသည်။

"လာ. . . ထိုင် ညီလေး"

ညှော်သည်က သူ့ရှေ့ထိုင်ခုံမှာ ဝင်၍ထိုင်သည်။ ဇော်ထွန်းကို သူလှမ်းကြည့်ရင်း 'ဇော်ထွန်းရေ ကော်ဖီလေးလုပ်ကွာ'ဟု ခပ်တည်တည်ပင် ဆိုဖြစ်သည်။

အမှန်တော့ မနက်ကမှ လမ်းထိပ်ရှိ ကုန်စုံဆိုင်က သွားဝယ်ထားသည့် နှစ်ထုပ်တည်းသော ကော်ဖီမှလွဲ၍ အခြားညှော်ခံစရာဘာမှမရှိ။ အဲ. . . မုန့်ပုံးထဲမှာတော့ လက်ကျန်မုန့် ရှိကောင်းရှိလိမ့်ဦးမည်။

"မင်းသားလုပ်ဖို့ ဝါသနာပါတာ ကောင်းပါတယ် ညီလေးရဲ့၊ ရုပ်ရည်ကြည့်ရတာ ဖြစ်နိုင်ချေတွေ အစ်ကိုတွေ့နေရတယ်၊ ဇော်ထွန်းပြောပြတုန်းကတော့ ပုကွကွကြီးများလားဆိုပြီးတော့ စိုးရိမ်နေသေးတာ"

အရွှန်းဖောက်သော သူ့စကားကြောင့် ညှော်သည်က ရယ်သည်။

"ဒါနဲ့ တစ်ယောက်တည်းပဲလား၊ ဒီကညီလေးရဲ့ နာမည်တောင် ဇော်ထွန်းက မိတ်မဆက်ပေးခဲ့ဘူး၊ အစ်ကိုက ဒါရိုက်တာလင်းသူရပါ"

လက်ကိုကမ်းပေးရင်း မိတ်ဆက်ဖြစ်သည်။

"ဟုတ်. . . သူများရဲ့နာမည်က ကျော်ဇလေး"



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

ကိုယ်ကယို့ပြီး လက်ဆွဲနှုတ်ဆက်သော သကောင့်သား၏ ပျော့နွဲ့နွဲ့အမူအရာကြောင့် သူ့စိတ်ထဲမှာ နင်ခနဲ ဖြစ်သွားရသည်။

"ဩော်. . . ဟို. . . ဒင်း မင်းသားလုပ်ရင် ဒီနာမည်နဲ့ပဲ လုပ်မှာလား၊ တခြားနာမည်တွေ ဘာတွေ ရှိသေးလား"

'အိမ်ခန်းလခကိစ္စ ရှင်းရတော့မယ်'ဟူသောအသိဖြင့် ပျက်ယွင်းသွားသော သူ့အမူအရာကို သူပြန်ထိန်းရင်း ဆိုဖြစ်သည်။

"သူများရဲ့အိမ်နာမည်က ကျားကြီးလေ၊ ဒက်ဒီက သားအကြီးဆုံးမို့လို့ ချစ်စနိုးနဲ့ နာမည်ပေးထားတာ၊ သူများက အဲဒီနာမည်ကို ပိုကြိုက်တယ်သိလား၊ သူက ကျားကျားလျားလျားရှိလို့လေ၊ ဒါပေမယ့် မင်းသားနာမည်ကကျတော့ ကျားကြီးဆိုရင် ကြောင်နေမှာစိုးလို့ ကျော်ဇလနဲ့ပဲ လုပ်မယ်လို့ စိတ်ကူးထားတယ်"

ခေါင်းကိုခါကာခါကာနှင့်ဆိုနေသော ကျားကြီးကိုကြည့်ရင်း ရှာရှာဖွေဖွေခေါ်လာတတ်သော တပည့်ကျော်ကြီး ဇော်ထွန်းကို သူစိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲဖြစ်သည်။ သို့သော် လက်ရှိအနေအထားအရ ကျားကြီးပဲဖြစ်ဖြစ် နွားကြီးပဲဖြစ်ဖြစ် အိမ်ကိုဆက်ငှားနိုင်ဖို့အတွက် အလုပ်ကို မဖြစ်ဖြစ်အောင် စီစဉ်ရတော့မှာပဲ ဖြစ်သည်။ ထို့ကြောင့် မျက်နှာကြောကို အတတ်နိုင်ဆုံး ဖြည်ရင်း ကျားကြီးကို မချိပြုံး ပြုံးပြဖြစ်သည်။

"ဒါနဲ့ ဒီက သူများ. . . အဲလေ ညီလေးကျားကြီးကဘယ်လို ဇာတ်ရုပ်မျိုးကို ရိုက်ဖို့အားသန်လဲ၊ ဥပမာ ဒရမ်မာလား၊ ဟာသလား

www.burmeseclassic.com



စသဖြင့်ပေါ့"

"အို. . . ဆရာကလည်း အဲဒါတွေ သူများမကြိုက်ဘူး"

သူ့စကားပင်မဆုံးသေး ကျားကြီးက ဖြတ်၍ဆိုသည်။

"သူများကပေါ့နော်. . . ယောက်ျားပီပီသသနဲ့ ထိုးကြိတ်သရုပ်ဆောင်ရတဲ့ ဖိုက်တင်ကားပဲ ရိုက်မှာသိလား၊ ဒရမ်မာတွေရိုက်ပြီး ငိုရယိုရမှာလည်း မကြိုက်ဘူး၊ ပြီးတော့ ပေါ်တောတောဟာသတွေလည်း သရုပ်မဆောင်ချင်ဘူးသိလား၊ သူများကလေ တုံးတိုက်တိုက် ကျားကိုက်ကိုက်ပေါ့နော်၊ အဲဒီလို ရဲရဲရင့်ရင့်လေးပေါ့နော်၊ ကျားဆိုမှကျား၊ ကျားကျားလျားလျားပဲ သရုပ်ဆောင်ချင်တာ ဆရာရဲ့"

"ဟင့်"

'ဟင့်'သည်ကား သူ၏နှုတ်မှ ထွက်လာသော ရှိုက်သံ 'ဟင့်' မဟုတ်။ ရင်ထဲမှနေ လှိုက်လှိုက်လှဲ့လှဲ့ကြီး 'ဟင့်'သော ရင်ရှိုက်သံဖြစ်တော့သည်တမုံ့။

ကော်ဖီပန်းကန်များကို ယူလာနေသော တပည့်ကျော်ကြီးတို လှမ်းကြည့်သောအခါ သူ၏တပည့်ကျော်ကြီးက 'ဘာမှမတတ်နိုင်ဘူး'ဆိုသော သဘောဖြင့် ပခုံးကို မသိမသာ တွန့်ပြရင်း ပြုံးပြရှာသည်။

"ကဲ ကဲ ညီလေး သူများတိုက်တဲ့၊ အဲလေ. . . ဆရာတို့တိုက်တဲ့ ကော်ဖီလေး သောက်ပါဦး၊ ဟကောင် ဇော်ထွန်း မုန့်ပါယူခဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com

## ၂ ပြားရိုက်ချိန်......

ဘေးမှာ ကြောင်တောင်တောင်ဖြင့်ရပ်နေသော ဇော်ထွန်းတိုသာ သူ ခပ်ငေါက်ငေါက်ဆိုရင်း ခေါင်းထဲမှာ ဒေါင်ချာတွေစိုင်းတာ နေမိသည်။ ဒီပုံစံကြီးကိုသာ မင်းသားတင်ရိုက်လို့ကတော့ သူ၏ မရှိတရှိသိက္ခာတွေ အကုန်သွားမှာ သေချာသည်။ သို့သော် လက်ရှိအနေအထားအရ ငွေကလည်းလိုနေပြီဖြစ်သည်။ ရှေ့မှာထိုင်နေသော ကျားကြီးခေါ် သူများဆိုသူ၏ သရုပ်ဆောင်ချင်သော ကာရိုက်တာကလည်း ကျားကျားလျားလျား ဖိုက်တင်ဟုဆိုနေသည်။ မတတ်နိုင် မီးစင်ကြည့်ကမှပဲ ဖြစ်လိမ့်မည်။ ရှေ့မှ ကျားကျားလျားလျားကြီးဖြစ်သော သူများကို သူ တပည့်အဖြစ် လက်ခံကာ မင်းသားတင်ရိုက်မှ ဖြစ်မည်။ သို့မှသာ လတ်တလော အိမ်ဆက်ငှားမည့်စရိတ်နှင့် ခက်ခဲစပြုနေပြီဖြစ်သော သူတို့ဆရာတပည့်နှစ်ယောက်၏ စားစရိတ်ကို ယာယီထောက်ပံ့ပေးထားနိုင်လိမ့်မည်။

"ဘယ်လိုလဲဆရာ. . . သူများကို တပည့်လိုသဘောထားပြီး သူများရိုက်ချင်နေတဲ့ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဖိုက်တင်ကားတွေ ရိုက်ပေးမယ်မဟုတ်လား"

"အာ. . . ရိုက်ပေးရမှာပေါ့၊ ဒီလိုလုပ်ရအောင်၊ ပထမဆုံးရိုက်မဲ့ကားကို 'တုံးတိုက်တိုက် ကျားကိုက်ကိုက်'ဆိုပြီး နာမည်ပေးကြမယ်လေ၊ နောက်ပြီး လုံးဝကြွမ်းသွားအောင် ဖိုက်တင်ကို စလယ်ဆိုးထည့်ပစ်မယ်၊ မကောင်းဘူးလား"

ကျားကြီး၏စကားအဆုံးမှာ သူ အားတက်သရောပင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုဖြစ်သည်။ မုန့်ပန်းကန်ကိုင်ကာ ဝင်လာသော တပည့်ကျော်က မုန့်ပန်းကန်ကို စားပွဲပေါ်ချရင်း 'ဒါဆို OK သွားပြီပေါ့နော်'ဟု ဝမ်းသာအားရဆိုသည်။

တပည့်ကျော်ကြီး ဘာကိုဆိုလိုမှန်း သူကောင်းကောင်း သဘောပေါက်သည်။ ၎င်းဆိုလိုချင်သည်က လတ်တလော စားဝတ်နေရေးစရိတ်နှင့် အိမ်ဆက်ငှားမည့်စရိတ်ကို ဖြစ်သည်။

ကျားကြီးကတော့ ဘာကိုသဘောပေါက်သည်မသိ။

"အိုကေသွားပြီပေါ့ ကိုဇော်ထွန်းရဲ့၊ သူများကလေး သူများတို ဆရာက တပည့်အဖြစ်နဲ့ လက်ခံမှခံပါ့မလားလို့ တွေးပြီးကြောက်နေတာ၊ အခုတော့ အိုကေသွားပြီ၊ ကဲ ကဲ သူများအိမ်ပြန်ပြီး အထိုးအကြိတ်တွေ လေ့ကျင့်လိုက်ဦးမယ်၊ ဖာတ်ကားအတွက် ကုန်ကျမယ့်စရိတ်တွေလည်း တွက်ထားနော်၊ သူမျှား မနက်ဖြန် ဖုန်းဆက်ပြီး လာပို့ပေးမယ်၊ သူများသွားပြီနော် ဆရာ၊ တာ့တာ"

"အင်း. . . တာ့တာ. . . တာ့တာ"

တပည့်အသစ်စက်စက် ကျားကြီး၏ ရေပက်မဝင်စကား အဆုံးမှာ သူပြန်ပြီး 'တာ့တာ'ဖြစ်သည်။

ကျားကြီး၏ကား ဝူးခနဲ မောင်းထွက်အသွားမှာ သူနှင့် တပည့်ကျော်ဇော်ထွန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း သက်ပြင်းကိုယ်စီ ချမိတော့သည်။

××××

www.burmeseclassic.com

www.burmeseclassic.com

"နာမည်ကတော့ ကျားကြီး ခေါ် ကျော်ဗလတဲ့၊ လူကိုသာ နဖူးတွေဒူးတွေ မမြင်ဖူးရင် နာမည်ကြားရုံနဲ့ ဖျားသွားနိုင်တယ်၊ ဒါနဲ့ မင်း သူ့ကို ဘယ်ကနေဘယ်လိုများ ရှာရှာဖွေဖွေနဲ့ တွေလာရတာ တုန်း"

သူ့အမေးအဆုံးမှာ တပည့်ကျော်က 'အဟီး'ဟု ရယ်ရင်း ခေါင်းကိုကုတ်သည်။ ပြီး ရယ်ကျဲကျဲနှင့်ပင်. . .

"ဒီလိုပါပဲဆရာရယ်. . . သူငယ်ချင်းတွေနဲ့ စကားစပ်မိရင်းနဲ့"ဟု ဆိုသည်။

"လူကသာနွဲ့နေတာ. . . ရိုက်ချင်တဲ့ကာချိုက်တာက

www.burmeseclassic.com

www.burmeseclassic.com



ကျားကျားလျားလျားတဲ့၊ ဘာတဲ့ တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုပဲ၊ အလုပ်က လက်ခံလိုက်ပြီဆိုတော့ လုပ်သလိုမဖြစ်ရင်တောင် ဖြစ်သလိုတော့ သွားလုပ်လို့မရဘူး၊ အရှည်သဖြင့်က ရှိသေးတယ်"

ညည်းညည်းညူညူဆိုသော သူ့စကားကို တပည့်ကျော်ကြီးက အူကြောင်ကြောင်ပင် ခေါင်းညိတ်သည်။

"ဒီတော့ကွာ ကိုယ့်ဘက်က အကောင်းဆုံးနဲ့ အမှန်ကန်ဆုံးဖြစ်အောင်ပဲလုပ်၊ ကားရိုက်ဖို့အတွက် ကုန်ကျမဲ့စရိတ်တွေကို အတတ်နိုင်ဆုံး သက်သာအောင်လုပ်ပေးလိုက် ကြားလား"

သူ့စကားကို ဇော်ထွန်းက ဟုတ်ကဲ့ဟုဆိုသည်။

"အေး. . . ပြီးတာနဲ့ သူ့ဆီဖုန်းဆက်ပေးလိုက်၊ ဇာတ်လမ်းက ရှာလို့မရှိရင် ဆင်ပြီးရေးရမှာဆိုတော့ ဘာပဲဖြစ်ဖြစ် ရက်နှစ်ဆယ် အစိတ်လောက်တော့ အချိန်ယူရမှာပဲ၊ သေသေချာချာလေး သူ့ကို ရှင်းပြပြီး မင်းကြည့်စီစဉ်လိုက်၊ ကြားလား၊ နောက်ပြီးတော့ သက်လုံတောင်းအောင် အားကစားလည်းလုပ်ထားလို့"

သူ့စကားအဆုံးမှာ ဇော်ထွန်းက ထုံးစံအတိုင်း 'ဟုတ်ကဲ့' သည်။ သူကတော့ လေပူကိုသာ မှုတ်ထုတ်ရင်း သက်ပြင်းချဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

A man of genius makes no mistakes.

His errors are the portals of discovery.

ပါရမီရှင်သည် အမှားများကိုမလုပ်။ ၎င်းတွင် ချွတ်ချော်မှားယွင်းမှု ရှိခဲ့လျှင်တောင်မှ လွဲမှားမှုတို့သည် အသစ်ရှာဖွေတွေ့ရှိမှု၏ တံခါးပေါက်များဖြစ်မည်။

James Joyce

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားပုံလိုပေါ့ကွာ၊ ငါတင်လိုက်တဲ့မင်းသားက မှားယွင်းချွတ်ချော်မှုတစ်ခု ဆိုရင်တောင် ငါ့အတွက်ကတော့ တွေ့ရှိမှုအသစ်လို့ပဲ ယူဆရမှာပဲ"

သူ့စကားအဆုံးမှာ နားလည်လား မလည်လားမသိသော သူ၏တပည့်ကျော် ဇော်ထွန်းက 'ဟုတ်ကဲ့'ဟု ခေါင်းကိုညိတ်သည်။

ကျားကြီးလာ၍ ပေးသွားသော စရန်ငွေများက စားပွဲပေါ်တွင် ခြေရာမပျက် လက်ရာမပျက်ရှိနေဆဲ။

"အနုပညာအလုပ်ဆိုတာကလည်း မှန်းချက်နဲ့ နှမ်းထွက်တိုက်ချင်မှကိုက်တာ၊ ဒီတော့ အရမ်းကြီး ကြိုးစားပေမဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com

မြရင်နှင်း ●●●●●......

မျှော်လင့်ထားသလို ဖြစ်လာချင်မှ ဖြစ်လာမယ်၊ အခု ကျားကြီးကို သိပ်ပြီး ထင်မထားပေမဲ့လည်း သူ့ရဲ့ အတိတ်ကံအကျိုးပေးသန်လို့ စန်းထသွားရင်လည်း မအောင်မြင်လာဘူးလို့ မပြောနိုင်ဘူး"

"အောင်မြင်မှာပါဆရာ၊ ကျားကြီးက သိပ်ပြီးတော့ စိတ်အား ထက်သန်နေတာ၊ လူ့ကံဆိုတာက မြင်ရတာမှမဟုတ်ပဲ"

သူ့ကို တပည့်ဖြစ်သူက အားပေးစကားဆိုသည်။

"ဆရာလင်းသူရ ရှိပါသလားခင်ဗျာ"

အိမ်ရှေ့မှ ခေါ်သံကြောင့် သူနှင့်ဇော်ထွန်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။ 'ရှိပါတယ်ခင်ဗျ'ဟု ဇော်ထွန်းက ထူးသည်။

အိမ်တံခါးဝမှ ဝင်လာသူက ရုပ်ရှင်ထုတ်လုပ်ရေးတစ်ခု၏ ပရိုဂျူဆာဖြစ်သည်။ နာမည်ကိုတော့ သူသိပ်မမှတ်မိ။

"ကျွန်တော်က ဦးဝင်းဇော်ပါ၊ ရွှေကတ္တီပါ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်ပါ"

"ဩော်. . . ဟုတ်ကဲ့"

ရုပ်ရှင်ထုတ်ဝေသူတစ်ယောက် အိမ်ကို ဆိုက်ဆိုက်မြိုက် မြိုက်ကြီး ရောက်လာသည်မို့ မေးကြည့်ရန်မလို တွေးကြည့်ရုံနှင့် အလုပ်ကိစ္စဆိုသည်ကို သူသိလိုက်ပြီးဖြစ်သည်။ ဘာရယ်မဟုတ် သူနှင့် တပည့်ကျော်တို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့် ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဇော်ထွန်းရေ့ . . အအေးလေးလုပ်ပါကွာ"

"ဟုတ်ကဲ့"

ဇော်ထွန်းက အလိုက်သိစွာပင် လမ်းထိပ်စတိုးဆိုင်သို့ ချီတက်ကာသွားသည်။ ဦးဝင်းဇော်က သူ့ကိုတစ်ချက်ကြည့်သည်။

"လာရင်းကိစ္စကတော့ ဆရာလင်းသူရရေ ဒီလိုဗျ၊ ခင်ဗျားရဲ့ ဆရာ ဒါရိုက်တာ မင်းကျော်နဲ့ ကျွန်တော်တို့ ထုတ်လုပ်ရေးနဲ့ ရိုက်ဖို့ စီစဉ်ထားတဲ့ ဇာတ်ကားကြီးက သန်ဘက်ခါ ကန်တော့ပွဲပေးတော့မှာ၊ အဲဒါ မနေ့ညကမှ ဆရာမင်းကျော်က အူအတက်ပေါက်လို့ ခွဲလိုက်ရတယ်"

"ဟောဗျာ. . . ဆရာ အူအတက်ပေါက်တာ ကျွန်တော် ဘာမှလည်း မကြားမိပါလား"ဟု သူ စိတ်မကောင်းစွာ ရေရွတ်ဖြစ်သည်။

ဦးဝင်းဇော်က စကားကိုဆက်သည်။

"အဲဒါဗျာ. . . ဆရာမင်းကျော်က သူစီစဉ်ထားပြီးသား ဇာတ်ကားကို ဆရာလင်းသူရနဲ့ ဆက်ရိုက်ဖို့ပြောလာတယ်၊ ဆရာ မင်းကျော်နဲ့ ဆရာလင်းသူရနဲ့က တပည့်ရင်းချာတွေဆိုတော့ သူခွဲပြီးသားဇာတ်ညွှန်းကို ဆရာ့အနေနဲ့ အဆင်ပြေပြေ ဆက်ရိုက်နိုင်မှာပါတဲ့၊ အဲဒါ ဆရာရယ် ကျွန်တော်တို့ကို ကူညီပါဦး"

"ခက်တာပဲဗျာ. . . ကျွန်တော်ကလည်း ရိုက်ရက်တွေကို နောက်လထဲ အကုန်ရွှေ့ထားတယ်ဗျ၊ အလုပ်တွေသိပ်များတာတော့

www.burmeseclassic.com

www.burmeseclassic.com



အနားယူချင်လာတယ်လေ"

သူခေါင်းကိုကုတ်ကာ အိုက်တင်အပြည့်ဖြင့် ဆိုဖြစ်သည်။

"အားနာနာနဲ့ပဲ အကူအညီတောင်းရတော့မှာပဲ ဆရာရယ်၊ ဆရာ့ရဲ့ အနားယူမဲ့ရက်တွေကို ကျွန်တော်တို့အတွက် ကူညီပေးပါလား ဆရာ၊ ဆရာ့အတွက် အကျိုးမယုတ်စေရပါဘူး၊ ပြီးတော့ ဇာတ်လမ်းကလည်း ဆရာလင်းသူရဲ့ Idea မဟုတ်လား"

ဦးဝင်းဇော်က မျက်နှာငယ်လေးနှင့် ဆိုသည်။ အမှန်တော့ သူလက်ခံရန် အသင့်အနေအထားဖြစ်သည်။ ဘာပဲပြောပြော သူ၏ ဇာတ်လမ်းမို့ တစ်ပြားမှမရလည်း သူကူညီရမှာပဲဖြစ်သည်။ လွယ်လွယ်တူကူ ခေါင်းညိတ်လိုက်ပါက တန်ဖိုးမထားမည်စိုး၍ အိုက်တင်ခံရခြင်းဖြစ်သည်။

"ကဲပါလေ. . . တခြားလူရဲ့ဇာတ်လည်း မဟုတ်ဘူး၊ ဆရာ အရင်းကြီးရဲ့ ဇာတ်လမ်းဆိုတော့ ငြင်းလို့ဘယ်ကောင်းပါ့မလဲဗျာ၊ ဘာပဲဖြစ်ဖြစ် မအားအားအောင်ကိုလုပ်ပြီး ရိုက်ပေးရတော့မှာပဲ၊ ဒီကိစ္စအတွက် ဘာမှခေါင်းစားမနေတော့နဲ့ဗျာ၊ အဆင်ပြေပြီလို့သာ သဘောထားပြီး တခြားလုပ်စရာရှိတာသာ ဆက်လုပ်တော့၊ ဟုတ်ပြီလား"

သူ့စကားအဆုံးမှာ ကိုဝင်းဇော်၏မျက်နှာက ဝင်းပကာသွားသည်။ 'ကျေးဇူးပါပဲဆရာရယ်'ဟု ဝမ်းသာအားရပင်ဆိုသည်။

"အစ်ကို. . . အအေးလေးသုံးဆောင်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ် ကုန်စုံဆိုင်မှပြန်လာသော ဇော်ထွန်းက ဦးဝင်းဇော်နှင့် သူ၏ရှေ့မှာ အအေးတစ်ဖန်ခွက်စီ ချကာပေးသည်။

"ကျေးဇူးပဲဗျာ၊ ရင်ပူနေတာနဲ့ အတော်ပဲ"

ဦးဝင်းဇော်က အရွှန်းဖောက်ရင်း အအေးကိုသောက်သည်။ ပြီး ဂျင်း၏လက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်းအချို့ကို ထုတ်သည်။

"ဒါက ဆရာ့ရဲ့ ဇာတ်လမ်းအကျဉ်းပါဆရာ၊ ဒါက အခန်းစဉ်၊ ဒါက ဇာတ်ညွှန်း၊ ရက်က သိပ်ကပ်နေပြီဆိုပေမဲ့ ဆရာ့ Idea နဲ့ ရတဲ့ဇာတ်ဆိုတော့ ဆရာ့အတွက်က ဒါတွေ တစ်ခါလောက်ဖတ်လိုက်ရင် အကုန်လုံးသဘောပေါက်မှာပါ"

"ရပါတယ်၊ ကျွန်တော် သေသေချာချာ ကြည့်လုပ်လိုက်ပါ့မယ်"

ဦးဝင်းဇော်၏စကားကို သူခေါင်းညိတ်ပြရင်း ဆိုဖြစ်သည်။

ဦးဝင်းဇော်က သူ၏လက်ဆွဲအိတ်ထဲမှပင် ငွေအချို့ကို အထပ်လိုက်ထုတ်ကာ စားပွဲပေါ်သို့ စီစီရီရီတင်သည်။

"ဒါက စရန်ပါဆရာ၊ နောက်ရက်မှ ကျန်ငွေကို ကျွန်တော် လာပို့ပေးပါ့မယ်၊ ကျွန်တော်လည်း ကမန်းကတန်း ထွက်လာခဲ့လို့ ငွေအလုံအလောက်မယူခဲ့ရဘူး"

"အာ. . . ရပါတယ်ဗျာ၊ ငွေရေးကြေးရေးက အဓိကမကျပါဘူး၊ ဒါနဲ့ အစ်ကို ဒီကပြန်ရင် ဆရာမင်းကျော်ဆီ ဝင်ဦးမလား။ ကျွန်တော် လမ်းကြုံလိုက်ခဲ့ချင်လို့၊ လူနာသတင်းသွားမေးရအောင်

www.burmeseclassic.com

www.burmeseclassic.com

လို့ပါ"

သူ၏စကားအဆုံးမှာ ဦးဝင်းဇော်က ခေါင်းကိုညိတ်သည်။

"သွားမှာဆရာ၊ ဒါဖြင့် ဆရာတစ်ခါတည်းလိုက်ခဲ့လိုက်ပေါ့။ တဲ ပြောနေတာကြာတယ်၊ သွားကြမလား"

ဦးဝင်းဇော်ကို ကြည့်ရသည်မှာ အတော်လေး စိတ်မြန် လက်မြန်ရှိပုံရသည်။ 'သွားကြမလား'ဟုဆိုကာ မေးဆတ်ပြသည်။ သူ ခေါင်းကိုပြန်ညိတ်ပြရင်း 'သွားကြမယ်ဗျာ'ဟု ဆိုဖြစ်သည်။ ပြီး ဘေးမှာ ကြောင်တောင်တောင်ရပ်နေသော ဇော်ထွန်းကို. . .

"ဇော်ထွန်းရေ. . . ငွေနဲ့ စာရွက်စာတမ်းတွေ အကုန် သေသေချာချာသိမ်းထားလိုက်ကွာ၊ ငါ ဆရာမင်းကျော်ဆီ တစ်ချက် သွားလိုက်ဦးမယ်"ဟု ဆိုဖြစ်သည်။

ဇော်ထွန်းကတော့ ထုံးစံအတိုင်းပင် 'ဟုတ်ကဲ့'ဟုဆိုကာ ခေါင်းကိုညိတ်သည်။ မသိမသာ လက်မထောင်ပြရင်း အသွားကုန် ပြုံးဖြီးနေသော ဇော်ထွန်းကို သူပြန်ပြုံးပြမိသည်ထင်သည်။ 'ဥစ္စာရင်း မှန်တော့ပြန်ရ'ဆိုသလိုများလားတော့မသိ။ သူ့ Idea နှင့် ဖြစ်တည်ခဲ့ သော ဇာတ်လမ်းကို သူကိုယ်တိုင်ရိုက်ဖို့ ဖြစ်လာခဲ့သည်ကိုး။

××××

www.burmeseclassic.com

www.burmeseclassic.com



'Class သွားကြမယ်ဟေ့'ဟူသော တုန်ချိချိကြွေးကြော်သံ အဆုံးမှာ 'ဝေး'. . .'ဟေး'ဟူ၍ ညာသံပေးကာ တောင်ဝှေးကိုယ်စီ ဖြင့် ကတုန်ကယင် ကင်မရာဘောင်းထဲ ဝင်လာကြသော ကွန်ပျူတာ သင်တန်း ကျောင်းသူကျောင်းသားအဖြစ် သရုပ်ဆောင်ရသော ဇာတ်ဆောင်နှင့် ဇာတ်ပို့များ၊ ဖြတ်လျှောက်များ အားလုံးမှာ အသက် ခြောက်ဆယ်အောက် တစ်ယောက်မှမပါ။ ယခု သူလက်ခံရိုက်ကူး နေသော ဇာတ်ကားရှိ ပါဝင်သူများမှာ မြန်မာနိုင်ငံ၏ ဗွီဒီယိုရုပ်ရှင် ဈေးကွက်တွင် နံပါတ်တစ်နေရာကို ခိုင်မာစွာရပ်တည်ထားခဲ့ဖြစ် သော စူပါ့စူပါမင်းသားကြီး ဦးသီဟနှင့် စူပါ့စူပါမင်းသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com

မြစ်ရှင်းအိုက်.........

ဒေါ်သမင်းနွယ်တို့ဖြစ်သည်။

ဈေးကွက်၏ လိုအပ်မှုအရ မင်းသားကြီးနှင့် မင်းသမီးကြီးတို့မှာ ကာရိုက်တာအစုံကို သရုပ်ဆောင်ရသောအခါ ယခုတော့ တွန်ပျူတာသင်တန်းသူ သင်တန်းသားများအဖြစ် သရုပ်ဆောင်ကြရလေသည်။ အသက်ခုနစ်ဆယ်ကျော်ကာ စိန်ရတုမွေးနေ့သဘင်ဆင်ယင်ကျင်းပရတော့မည့် မင်းသားမင်းသမီးများကို ပံ့ပိုးပေးကြမည့် ဇာတ်ရုံများသည်လည်း အမေများအရွယ်ဖြစ်ကြကာ လူစုံတက်စုံပင်ဖြစ်သည်။ အလန်းစား အဝတ်အစားများဖြင့် ကင်တင်းတွင်စားကြသောက်ကြ၊ ပြောင်ကြနောက်ကြသော အခန်းကို ဆက်လက်ရိုက်ကူးရန် ပြင်ဆင်နေကြသည်ကိုကြည့်ရင်း လင်းသူရတစ်ယောက်သူ့ကိုယ်သူ အိပ်မက်မက်နေသလို ခံစားနေရသည်။

သူ့လို တက်သစ်စလူငယ်ဒါရိုက်တာတစ်ယောက်အနေဖြင့် ဤကဲ့သို့သော နာမည်ရမင်းသားမင်းသမီးများဖြင့် ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးနိုင်ရန်မှာ အတော့်ကိုမလွယ်သောကိစ္စဖြစ်သည်။

"ဟင်း. . . ရှူတင်ရှိလို့ ဝမ်းသာအားရ လာကြည့်မိတာမှားပါတယ်၊ ဒီမင်းသားနဲ့ ဒီမင်းသမီးမှန်းသိရင် မလာပါဘူး"

နောက်ကျောဘက်မှ ထွက်လာသော စကားကြောင့် သူ့စိတ်ထဲမှာ တင်းခနဲဖြစ်သွားရသည်။ ဆတ်ခနဲ လှည့်ကြည့်သောအခါ တော်တော်ကြီးကိုလှသော ကောင်မလေးတစ်ယောက်ကို နှုတ်ခမ်းစူလျက်နှင့် သူ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်တာလဲ"

ရုတ်တရက် ဘုဆတ်ဆတ်လှည့်ကြည့်သော သူ့ကို မြင်မြင်ချင်းမှာပင် ကောင်မလေးက ခပ်ငေါက်ငေါက်ဆိုသည်။

"သူက ဒီဇာတ်ကားရဲ့ ဒါရိုက်တာဗျ၊ ခင်ဗျားက သူ့မင်းသားမင်းသမီးတွေကိုပြောလို့ လှည့်ကြည့်တာ"

အခြေအနေကို အစအဆုံး သဘောပေါက်သော တပည့်ကျော်ကြီး၏ ဝင်၍ပြောဆိုမှုကြောင့် ကောင်မလေးက အံ့အားတသင့်ဖြင့် လျှာလေးတစ်လစ်ဖြစ်ကာသွားသည်။ အားတုံ့အားနာဟန်ဖြစ်သွားသော်လည်း အလျှော့မပေးချင်ဟန်ဖြင့်. . .

"သူ့ကိုပြောတာမှ မဟုတ်တာ၊ မကျေနပ်လည်း မတတ်နိုင်ဘူး"

ဟု ပက်ခနဲဆိုရင်း လှည့်ထွက်ကာသွားသည်။

"လန်းတော့ တော်တော်လန်းတယ်နော် ဆရာ"

ကောင်မလေးကို သမင်လည်ပြန်လှည့်ကြည့်သော သူ့ကို ပြုံးစိစိဖြင့်ကြည့်ရင်း ဇော်ထွန်းက ပြောင်ချောင်ချော်နှင့်ဆိုသည်။

"နောက်တစ် scean ရိုက်ဖို့သာလုပ်စမ်းပါ၊ မင်းကတစ်မျိုး"

ရှက်ရှက်ဖြင့် သကောင့်သားကို မဆီမဆိုင် ငေါက်ဖြစ်သည်။ ကောင်မလေးကို လိုက်၍ရှိုးနေသော သူ့ကို သကောင့်သားက ပြောင်ချော်ချော်လာလုပ်နေသည်ကိုး။ သူခိုးလူမိမှ ရှက်အမ်းအမ်းဖြစ်သွားသော သူ့ကို တပည့်ကျော်ကြီးက ပြောင်စပ်စပ်ပင်ကြည့်ကာ ဇာတ်ရှ

www.burmeseclassic.com

www.burmeseclassic.com

များရပ်နေရာဆီ လျှောက်၍သွားသည်။

ဘာရယ်တော့မဟုတ်။ ရှေ့တည့်တည့်မှာ အနားယူနေသော မင်းသားကြီး ဦးသီဟကို သူလှမ်းကြည့်ဖြစ်သည်။ မင်းသားကြီး ဦးအောင်လွင်တို့လို ခန့်ညားမှုမျိုးဖြင့် ဦးသီဟသည် သွက်လက်ဆဲ၊ ခန့်ညားဆဲဖြစ်သည်။

ရင်းနှင့်အပြိုင် သရုပ်ဆောင်နေသော မင်းသမီးကြီး ဒေါ်ယမင်းနွယ်သည်လည်း မင်းသမီး အမေဒေါ်နွဲ့နွဲ့စမ်းတို့လို လှပနေဆဲ။ လန်းဆန်းတက်ကြွနေဆဲဖြစ်သည်။ ဇာတ်ပို့ဇာတ်ရံများသည်လည်း သင်တန်းသား သင်တန်းသူများစတိုင်လ်ဝတ်ကာ အပြိုင်လန်းလို့ကောင်းဆဲ။

ဘယ်သူဘာပြောပြော ဈေးကွက်မှာကတော့ ဦးသီဟနှင့် မင်းသမီးကြီး ဒေါ်ယမင်းနွယ်၏ ထွက်သမျှသော ဇာတ်ကားမှန်သမျှသည် Top 10 စာရင်းဝင်နေဆဲဖြစ်သည်ကတော့ အမှန်ပဲဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

နံနက်ခုနစ်နာရီအချိန်သည် သူ အိပ်ရာမှထလေ့ရှိသော အချိန်မဟုတ်။ တစ်ဖက်မှ ခုတင်ကိုလှမ်းကြည့်တော့ ဇော်ထွန်းတို့ မတွေ့။ လက်ဖက်ရည်ဆိုင်ဘက် ထွက်သွားဟန်တူသည်။

"အိမ်ရှင်တို့"

ခပ်စူးစူးအော်သံကြောင့် သူ အိပ်ရာမှ ကုန်းရုန်းကာထပြီး အိမ်ရှေ့ဘက်ထွက်ခဲ့ဖြစ်သည်။ အိမ်ရှေ့ဝင်းတံခါးဆီ လှမ်းအကြည့် မှာ သူ မျက်လုံးတွေပြူးကာ အိပ်ချင်ပြေသွားရသည်။

"အိမ်ရှင်တို့"ဟု အော်ခဲ့ဟန်တူသော ဝင်းတံခါးခြင်ဘက်

www.burmeseclassic.com

www.burmeseclassic.com

## မြရင့်အိုင်

တွင် ရပ်နေသည့် ကလေးမက ရွှေ့ရက်များက ရှုတင်မှာ ဖော်ထွန်းတို ကက်ကက်လန်အောင် ပြန်ပြောသွားသော ကောင်မလေး။ တပည့်ကျော်ကြီးဆိုသလို ဆိုရသော် 'အလန်းလေး'ဖြစ်ကာနေသည်။

"ဟော့တော်"

သူ့ကိုမြင်မြင်ချင်းမှာပင် ကောင်မလေးက 'ဟောတော်'ဟု ဆိုရင်း အံ့ဩကာသွားသည်။ ပြီး ခေါင်းကိုကုတ်ကာ သူ့ဘေးမှ ချာတိတ်လေးကို လက်တို့ကာ 'နင်ပြောလိုက်'ဟုဆိုသည်။

ချာတိတ်လေးက သူ့ကို ဟီးခနဲ ရယ်ပြသည်။ ပြီး. . .

"ဟိုလေ. . . အစ်ကိုကြီး သားတို့က ဒီနေ့မှ ဟိုဘက်ခြံကို ပြောင်းလာကြတာ၊ အဲဒါ သံရိုက်စရာတူပျောက်သွားလို့ အဲဒါ ငှားချင်လို့"ဟု ဆိုသည်။

"ခဏလေးစောင့်နော် ညီလေး"

သူ့ခေါင်းကို အသာညိတ်ပြရင်း သကောင့်သားချာတိတ်ကို 'ညီလေး'ဟု စိတ်ပါလက်ပါကြီးကို ခေါ်ဖြစ်သည်။ ခေါ်ဖြစ်ဆို ရင်း၏ အစ်မတော်လေးက လန်းလွန်းနေသည်ကိုး။

တူကို အိမ်ထဲပြန်ယူပြီး ပြန်ထွက်လာသောအခါ ချာတိတ်လေးသာရှိနေပြီး ကောင်မလေးကို မတွေ့ရတော့။ မျက်နှာပူပူဖြင့် သွားနှင့်သည်ထင်၏။ ဘာရယ်မဟုတ် သူ ဟက်ခနဲရယ်ဖြစ်သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



When you don't know what you want, you often end up where you don't want to be.

ကိုယ်လိုချင်တာကို ဘာမှန်းမသိတဲ့လူက ကိုယ်မသွားချင်တဲ့ နေရာလည်းရောက်ရော ရှေ့မဆက်ဘဲ ရပ်ပစ်လိုက်တယ်။

BOB GREENE

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## မြရင်အောင်

ကောင်မလေးတို့ သူ့အဘိုးအိမ်သို့ပြောင်းလာပြီး နှစ်ရက်မြောက်နေ့မှာတော့ 'ဆရာ ညှို့သည်လာတယ်'ဟူသော ဇော်ထွန်း၏ အသံအဆုံးမှာ စတီးချိုင့်ကိုကိုင်ထားသော ကောင်မလေးနှင့် သူမ၏ အဖေဖြစ်ဟန်တူသော ဦးလေးကြီးတစ်ယောက်။ အိမ်ထဲသို့ ဝင်လာကြသည်။

"ထိုင်ပါဦးခင်ဗျ"

အနည်းငယ်ရှုပ်ပွနေသော စားပွဲပေါ်မှ စာရွက်များကို တမန်းကတန်းရှင်းရင်း သူဆိုဖြစ်သည်။

"လူပျိုတွေနေတဲ့အိမ်ဆိုတော့ ဒီလိုပဲ ရှုပ်ပွနေတတ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အယဲ”ဟု ရှက်အမ်းအမ်းဆိုသော သူ့စကားအဆုံးမှာ သူမက မချိုမချဉ်ဖြင့် ပြုံးသည်။ သူမစိတ်ထဲမှာ ဘလိုင်းကြီးကြော်ပြောဝင်နေ ပြန်ပြီဟုများ ထင်နေသလားမသိ။

“ဦးတို့က ဟိုဘက်အိမ်ကလေ၊ ဒီနေ့ အိမ်မှာ နေ့ဆွမ်းကပ် မှာ၊ အဲဒါ သားတို့က အလုပ်သွားကြမှာဆိုတော့ မအားဘူးမဟုတ် လား၊ အဲဒါနဲ့ပဲ ထမင်းဟင်းတွေကျက်နေတာနဲ့ ချိုင့်နဲ့လာပို့တာ”

“အားနာစရာကြီးဗျာ၊ ဇော်ထွန်းရေ ချိုင့်လေးလှယ်ပေး လိုက်ပါဦး၊ ကော်ဖီပါယူခဲ့ဦး”

သူ အားနာနာဖြင့် ချိုင့်ကိုလှမ်းယူပြီး ဇော်ထွန်းကို လှမ်း အော်ဖြစ်သည်။ သိပ်တော့မကြာလိုက် အင်မတန် အကင်းပါးသော ဇော်ထွန်းက ကော်ဖီနှင့်မုန့်များကို လင်ဗန်းထဲထည့်ကာ ယူလာနေ ပြီဖြစ်သည်။

“ကော်ဖီသုံးဆောင်ပါဦးခင်ဗျ”

ဇော်ထွန်းက ပြောပြောဆိုဆိုပင် ကော်ဖီပန်းကန်များနှင့် မုန့်ပန်းကန်ကို သူမတို့သားအဖရှေ့တွင် ချသည်။

“ဘာပဲပြောပြော အိမ်နားနီးချင်းမိတ်ဆွေမျိုးရင်း ဆိုသလိုပေါ့ ဦးရယ်၊ လိုတာရှိရင်လည်း အကူအညီတောင်းပါခင်ဗျ”

‘ကိုယ့်သားလို သဘောထားပြီးတော့ပေါ့’ဟု စိတ်ထဲမှနေ ဆက်၍ပြောဖြစ်သည်။ သူ့စကားအဆုံးမှာ အန်ကယ်ကြီးက ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပဲပြောမလို့ ငါ့တူရဲ့၊ ဒီလိုကွာ ဦးရဲ့သမီးက ငယ်ငယ်လေးကတည်းက မင်းသမီးအရမ်းဖြစ်ချင်တာ၊ အိမ်ပြောင်းလာပြီးတော့မှ ဘေးအိမ်မှာက ငါ့တူလို ထက်မြက်တဲ့ လူငယ်ဒါရိုက်တာတစ်ယောက် ရှိနေမှန်းလည်းသိရော သမီးက အရမ်းဝမ်းသာနေတာ၊ ဦးကလည်း အလုပ်တစ်ဖက်နဲ့ဆိုတော့ မအားဘူးကွာ၊ ဒီတော့ ဖြစ်နိုင်ရင် သားတို့ရှုတင်သွားရင် ဦးသမီးတို့မောင်နှမကို ထည့်ပေးလိုက်ချင်တယ်၊ အပန်းမကြီးဘူးဆိုရင် ရှုတင်တွေဆီ ခေါ်သွားပေးလို့ရမလားလို့ပါ"

နာမည်ပင်မသိရသေးသော သားအဖနှစ်ယောက်ရှေ့မှာ ထိုင်ရင်း သူ ရုတ်တရက်တော့ ပျော်သွားမိသည်။ ဘာပဲပြောပြော သွားအတူလာအတူ ဖြစ်တော့မည်ကိုး။ သူဝမ်းသာအားရပင် ခေါင်းညိတ်ဖြစ်သည်။

"အာ. . . ရပါတယ်ဦးရဲ့၊ အပန်းမကြီးပါဘူး၊ ကျွန်တော်ရှုတင်ရှိတိုင်း ခေါ်သွားပေးလို့ရပါတယ်"

"အေးကွာ. . . ကျေးဇူးပါပဲ၊ ဦးရဲ့သမီးက မင်းသမီးသာဖြစ်ချင်တာ အရှက်အကြောက်ကတော့ နည်းနည်းကြီးတယ်၊ ဖြစ်ချင်စိတ်တော့ရှိတယ်၊ ဒါပေမဲ့ မလုပ်ရဲဘူးဆိုပြီးပြောနေတာ၊ ဘာကိုကြောက်နေမှန်းကိုမသိဘူး"

"ဦးလေးရေ ဦးလေးက အစိကကိုမေ့နေပြီဗျ"ဟု သူမကိုတိထဲမှ ဆိုဖြစ်သည်။ အခုထိ သူ့ကိုယ်သူတို့ မိတ်ဆက်ရန် မေ့နေပုံနက်တူ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"Bob Greene ရဲ့အဆိုလိုပေါ့ကွာ၊ ကိုယ်လိုချင်တာကို ဘာမှန်းမသိတဲ့လူက ကိုယ်မသွားချင်တဲ့နေရာရောက်ရင် ရှေ့မဆက်ဘဲနဲ့ ရပ်ပစ်တတ်ကြတယ်တဲ့၊ အခု ဦးသမီးက ကိုယ်လိုချင်တာ ဖြစ်ချင်တာ 'ဘာ'ဆိုတာ သိသိကြီးနဲ့ ရပ်နေတာကို ဦးမကြိုက်ဘူး။ အဲဒါကြောင့် ရုပ်ရှင်ဗွီဒီယိုလောကနဲ့ မစိမ်းအောင်လို့ ရှုတင်ကိုလိုက်စေချင်တာ"

"ကောင်းပါတယ်ဦး၊ ဘာပဲပြောပြော ရှုတင်တွေလိုက်ကြည့်ရင်းနဲ့ ပညာယူတတ်ရင်တော့ ရစရာတွေရှိလာမှာပဲလေ၊ ဒါနဲ့ ဦးတို့နာမည်တွေတောင် ကျွန်တော်မသိရသေးဘူး"

သူ ခပ်တည်တည်ပင် ပြစ်မှတ်ကို ချိန်ရွယ်ပြီး ဆိုပစ်လိုက်သည်။

"ဩြော်. . . ဟုတ်သားပဲ၊ စကားကောင်းနေတာနဲ့ ကိုယ့်နာမည်ကိုယ် မိတ်ဆက်ဖို့မေ့နေတယ်၊ ဦးနာမည်က ဦးမြင့်ကျော်တဲ့၊ သမီးရဲ့နာမည်က နှင်းရတီကျော်တဲ့"

"ဩြော်. . . ဟုတ်ကဲ့ အတော်လှတယ်နော်"

"ဘာကွ"

"ဩြော်. . . ဟိုဒင်း နာမည်က နန်းဆန်ပြီး လှတယ်လို့ ပြောတာပါ၊ မင်းသမီးလုပ်မယ်ဆိုရင် ရုပ်လှဖို့အပြင် နာမည်လှဖို့လည်းလိုတယ်လေ၊ ဟုတ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ ဖာဖာထေးထေးဆိုသော စကားအဆုံးမှာ ဦးမြင့်ကျော်က အောင့်သက်သက်ဖြင့် မချိရယ်ရယ်ရင်း 'ဟုတ်လား'ဟုဆိုသည်။ သူမ တတော့ အရှက်ကြီးသူမို့လားမသိ မျက်နှာတွေ နီရဲကာသွားသည်။ ဟိုတစ်နေ့က စွာတေးလန်နေသောသူမ မဟုတ်သည့်အတိုင်း။

"ငါ့တူရဲ့နာမည်က လင်းသူရဆိုတာတော့ သိပြီးသားလေ၊ စောစောက ကိုဇော်ထွန်းပြောပြလို့ သိပြီးပြီ၊ ဦးတို့က နာမည်သာ ကြားဖူးပြီး လူကိုမမြင်ဖူးဘူး၊ အခုမှပဲ မြင်ဖူးတော့တယ်၊ ငါ့တူက ငယ်ငယ်ရွယ်ရွယ်နဲ့ အတော်လေးနာမည်ကြီးတာပဲ"

"နာမည်ကြီးထမင်းငတ်ပေါ့ ဦးရယ်"

ဦးမြင့်ကျော်၏ စကားအဆုံးမှာ သူ အရွှန်းဖောက်ဖြစ်သည်။

"ထမင်းတော့ အငတ်မခံပါနဲ့ကွာ၊ လှမ်းသာအော်လိုက်၊ ဟိုဘက်ကနေ ထမင်းချိုင့်နဲ့ လှမ်းပို့လိုက်မယ်"

ပြောရင်း ဦးမြင့်ကျော်က ရယ်သည်မို့ သူပါလိုက်ရယ်ဖြစ်သည်။

"တကယ်ဆို ငါ့တူက ရုပ်ဖြောင့်တာပဲဥစ္စာ၊ မင်းသားပါ တွဲလုပ်လို့ရရဲ့သားနဲ့ မင်းသားလုပ်ရမှာ ဝါသနာမပါလို့လား"

'မြှောက်နေပြန်ပြီ'ဟု တွေးရင်း ပြုံးစိစိကြည့်နေသော သူမ၏ အကြည့်ကြောင့် သူ မျက်နှာပူသွားမိသည်။

"ဦး. . . ပရိုဂျူဆာလုပ်ရင်တော့ ကျွန်တော်မင်းသားလုပ်

www.burmeseclassic.com

www.burmeseclassic.com



မယ်လေ"

သူ့စကားကြောင့် ဦးမြင့်ကျော်က 'တကယ်လား'ဟု ပြောရှင်းရယ်သည်။ ပြီး လက်မှနာရီကိုကြည့်ကာ. . .

"ကဲ ကဲ စကားကောင်းနေတာနဲ့ ငါတူတို့ ရှူတင်သွားဖို့တောင် နောက်ကျတော့မယ်၊ ဦးတို့လည်းပြန်မယ်၊ ဒါနဲ့ မနက်ဖြန်ဆိုရင် အဆင်ပြေနိုင်မလား၊ အဆင်ပြေရင် သမီးတို့မောင်နှမကို ဦးထည့်လိုက်ချင်လို့"

ဟု ဆိုသည်။

"အာ. . . ဦးကလည်း မပြေစရာအကြောင်း မရှိပါဘူး၊ ကျွန်တော့်ဘက်ကတော့ အဆင်ပြေပါတယ်၊ မနက်ဖြန် ကိုးနာရီလောက် ကျွန်တော်လာခေါ်ပါ့မယ်၊ ဒီနေ့ ထမင်းချိုင့်အတွက်လည်း ကျေးဇူးပါပဲဦး"

"အေးပါ. . . အေးပါ၊ ကဲ သမီး ကြားတယ်နော်၊ မနက်ဖြန် ကိုးနာရီတဲ့၊ အသင့်ပြင်ထားဟုတ်ပြီလား၊ ကဲ ကဲ မောင်လင်းသူရရေ သွားပြီနော်"

"ဟုတ်ကဲ့ပါ ဦး"

ပြုံးကာနှုတ်ဆက်ရင်း ကျန်ခဲ့သော သူ့ကို တပည့်ကျော်ကြီး တတော့ ပြုံးစိစိဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ကြည့်လို့သာနေသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com

## မြရင့်အိုင်......

"ဆရာ ဒီနေ့မှန်ကြည့်တာ အကြိမ်တစ်ရာလောက်ရှိပြီထင်တယ်၊ ပြီးတော့ အဝတ်လဲတာလည်း ဆယ်စုံမကတော့ဘူးလားလို့"

အဝတ်တစ်စုံဝတ်ကြည့်လိုက်၊ ပြန်ချွတ်လိုက်၊ နောက်တစ်စုံလဲလိုက်၊ မှန်ရှေ့ရပ်လိုက်လုပ်နေသော သူ့ကို တပည့်ကျော်ကြီးက ကြည့်မရဟန်ဖြင့်ဆိုသည်။

"ဒီနေ့က ရုပ်ရှင်တားကြီးရဲ့ ဇာတ်သိမ်းခန်းရိုက်တဲ့နေ့ကွ၊ လူစုံတက်စုံလာကြမှာ၊ ပေတိပေစုတ်သွားလို့ ဖြစ်မလားကွ၊ သပ်သပ်ရပ်ရပ်လေးတော့ ဝတ်သွားဦးမှပေါ့ကွာ မင်းကလဲ"

ခပ်တည်တည်ပင် တပည့်ကျော်ကို ခပ်ပေါက်ပေါက်ဆိုရင်း

www.burmeseclassic.com



နောက်ဆုံးတော့ တီရှပ်နှင့် ဂျင်းဘောင်းဘီကိုပဲ ဝတ်ဖြစ်သည်။

"ကိုယ့်ဆရာမို့လို့ ကိုယ်ပြောတာမဟုတ်ဘူး၊ ဆရာက ဝတ်လိုက်စားလိုက်ရင် လုံးဝမင်းသားရှုံးတယ်ဗျာ၊ တကယ်ပြောတာ"

ဇော်ထွန်းက ရွှဲ့သလိုလို အတည်ပဲပြောသလိုလိုနှင့် ဆိုသည်။

"အေး. . . မြှောက်ထား၊ မြှောက်ထား၊ ရှုတင်ရောက်ရင် မင်းကို ရှုတင်ထမင်းကျွေးမယ်"

ဟု အရယ်တစ်ဝက်ဖြင့် သူဆိုဖြစ်သည်။

"မှန်တာပြော ချမ်းသာပါစေ၊ ထီပေါက်ရပါစေရဲ့ဆရာရယ်၊ ဆရာက တကယ်ကို မင်းသားလုပ်လို့ရတယ် ဆရာရဲ့၊ တချို့မင်းသား တွေတောင် ဆရာ့တစ်ဝက်လောက် ရုပ်ဖြောင့်တာမဟုတ်ဘူး၊ ဟိုဘက်အိမ်က နှင်းရတီကျော်က မင်းသမီးလုပ်၊ ဆရာကမင်းသား လုပ်ပြီး တွဲဘက်သရုပ်ဆောင်လိုက်လို့ကတော့ ဆရာရယ် ဘာပြော ကောင်းမလဲ"

"ဘာမှပြောမကောင်းဘူး သွားမယ်၊ ဒီမှာတင်တော်တော့"

တော်တော်နှင့် စကားပြတ်မည့်ဟန်မတူသော သကောင့် သားကို စကားစဖြတ်ကာ သူဆိုဖြစ်သည်။ သကောင့်သားက နောက်ဆက်တွဲစကားကိုတော့ ဆိုဖြစ်အောင်ဆိုလိုက်သေးသည်။

'ဆရာ ဟိုဘက်အိမ်က နှင်းရတီကျော်ကိုခေါ်ဖို့ မမေ့ဦးမယ်နော်'ဟု။

ရွှဲ့နေမှန်းသိသည်မို့ သူ ဟက်ခနဲရယ်ဖြစ်သည်။ သူမတို့ ဖို့ သူဆယ်ခါပြန်မမေ့သည်မှာ သေချာနေသည်ကိုး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"မမနှင်းရေ. . . အစ်ကိုကြီးတို့ လာခေါ်နေပြီ"

သူနှင့်ဇော်ထွန်းကို မြင်မြင်ချင်း သူမ၏မောင်လေးက အိမ်ဘက်လှည့်ကာ အော်သည်။ သိပ်မကြာလိုက် အိမ်ထဲမှနေ ဦးမြင့်ကျော် ထွက်လာသည်။

"အိမ်ထဲဝင်ပါဦးလား မောင်လင်းသူရရဲ့"

"မဝင်တော့ဘူး ဦးလေး၊ ရှုတင်နောက်ကျမှာစိုးလို့"

"ဪ. . , အေး. . . အေး သမီးရေ"

ဦးမြင့်ကျော်က အိမ်ဘက်လှည့်ကာ သမီးရေဟု အခေါ် သူမက 'လာပါပြီအဖေရဲ့'ဟုဆိုရင်း သူမ၏အမေနှင့် အတူထွက်လာသည်။

"ဒါ ဦးရဲ့ဇနီးလေ၊ အမေကြီး ဒါက ဒါရိုက်တာလင်းသူရတဲ့၊ သူက ဇော်ထွန်း"

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ကျော်၏ မိတ်ဆက်ပေးမှုကြောင့် သူပြုံးပြဖြစ်သည်။

"ဒေါ်လေးထင်တာက ဒါရိုက်တာဆိုတော့ အသက်ကြီးကြီးပဲထင်နေတာ၊ လက်စသတ်တော့ ငယ်ငယ်လေးရှိသေးတာကိုး၊ ရုပ်ကလေးကလည်း ချောလိုက်တာ၊ ဒါရိုက်တာမလုပ်ဘဲ မင်းသားလုပ်ရမှာ"

"ဒေါ်လေးကတော့ မြောက်နေပြန်ပြီဗျာ၊ နောက်ရက်မှ မုန့်ဝယ်ကျွေးပါ့မယ်၊ အခုတော့ ခွင့်ပြုပါဦး"

မျက်နှာပူပူနှင့် စကားကို အမြန်ဖြတ်ကာ ဆိုဖြစ်သည်။

"သွားပြီနော် ဦး"

"အေး. . . အေး"

ဦးမြင့်ကျော်ကို သူနှုတ်ဆက်ပြီး သူမကို ခေါင်းညိတ်ပြဖြစ်သည်။ သဘောက နောက်မှနေလိုက်ခဲ့ဟူသည့်သဘော။

ခြေလှမ်းသုံးလေးလှမ်းက လှမ်းအပြီးမှာ သူမက အစ်ကိုဟု မရဲတရဲခေါ်သည်။ ဘာလဲဟု သူလှည့်ကြည့်ဖြစ်သည်။

သူမက မပြောရဲဟန်ဖြင့် ခေါင်းကိုကုတ်ကာနေသည်မို့ 'ဘာပြောမလို့လဲပြောလေ'ဟု သူဆိုဖြစ်သည်။

"ဟို. . . ဟိုလေ အစ်ကိုက အကျီတံဆိပ်ကိုမဖြုတ်ဘဲနဲ့ အသစ်မှန်းသိအောင် တမင်ဝတ်တာလား၊ ဒါမှမဟုတ် တံဆိပ်ဖြုတ်ဖို့ မေ့နေတာလားလို့ မေးမလို့"

"ဟင်"

သူမ၏စကားအဆုံးမှာ သူ လည်ဂုတ်ကို ယောင်ရမ်းပြီး စမ်းလိုက်သောအခါ စက္ကူပြားအကျီတံဆိပ်ကို စမ်းမိသည်။ မျက်နှာမှာ ပူခနဲသော ခံစားမှုနှင့်အတူ သူတပည့်ကျော်ကို လှမ်းခေါ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟော့ကောင် ဇော်ထွန်း လာဦး"

"ဟုတ်ကဲ့"

ဇော်ထွန်းက ပြောင်ချော်ချော်မျက်နှာပေးနှင့် အနားရောက်လာသည်။

"ငါ့အကျီကတံဆိပ်ကို ဖြုတ်ပေးဦး"

"ဟုတ်ကဲ့"

ထုံးစံအတိုင်းပင် ဆရာသမားက ဟုတ်ကဲ့သည်။ မျက်နှာကတော့ လုံးဝပြုံးစိစိ။ ဒီကောင့်ကိုကြည့်ရင်း သူမသက်ာတော့။

"ဟကောင် . . . မင်း အိမ်ကမထွက်ခင်ကတဲသည်းက ဒီတံဆိပ်ကိုမြင်တယ်မဟုတ်လား၊ ငါ့ကိုမှန်မှန်ပြောနော်"

သူမကြားသွားမည်စိုး၍ သူ အသံကိုနှိမ့်ကာဆိုဖြစ်သည်။

"မြင်တာတော့မြင်တယ် ဆရာ၊ ဒါပေမဲ့ တမင်စတိုင်လ်လုပ်ထားမှန်းမသိ ဘာမသိနဲ့ ပြောမိရင် ဆရာ့ကို ဆရာပြန်လုပ်တယ် ထင်မှာစိုးလို့ မြင်ရဲ့သားနဲ့ တမင်လွှတ်ပေးလိုက်တာ၊ အဟက်"

"တောက် . . . မင်းတော့ကွာ၊ မင်းနာမယ် မင်းသတိထား"

ဘကောင့်သား၏ ပြောင်ချော်ချော် အမူအရာကိုကြည့်ရင်း သူ အံကြိတ်ကာ ကြိမ်းဖြစ်သည်။ မလုံမလဲဖြင့် လှမ်းကြည့်တော့ သူမက မသိမသာပြုံးကာနေသည်။

သူမနှင့်အတူ ပထမဆုံးသွားရမည့်နေ့မှ ရှုံးထုတ်လာမိကာမှ အရှက်ကွဲဖို့ကိန်းက ဆိုက်ကာလာသည်။ သူ သက်ပြင်းကိုသာ ဟင်းခနဲ မသိမသာချမိသည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ကာ လမ်းထိပ်ကို ထွက်လာကြစဉ် ဇော်ထွန်းတ ဆရာဟု ခေါ်သည်။

"ဆရာ"

"အေး ပြော"

"ဘာဖြစ်လို့ ရှုတင်ကားကို ဒီနေ့လာမကြိုခိုင်းတာလဲဟင်"

အလိုက်ကမ်းဆိုးမသိသည်ပဲလား၊ တမင်ပဲ လူကိုအရွက်ခွဲချင်သည်လားမသိသော တပည့်ကျော်ကို သူ ဘုကြည့်ကြည့်ဖြစ်သည်။

"ရှုတင်ကားနဲ့ မသွားချင်လို့ပေါ့ကွ၊ လမ်းထိပ်ရောက်မှ Taxi နဲ့သွားမယ်"ဟု သူ ခပ်တည်တည်ပင်ဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . Taxi နဲ့သွားမယ်၊ ဆရာရယ် လိုင်းကားစီးနေကျ လိုင်းကားပဲစီးပါ၊ မစီးစဖူး Taxi တွေဘာတွေ လျှောက်ပြောနေပြန်ပြီ၊ မနောက်နဲ့နော်ဆရာ၊ ဒီက အတည်ကြီး တားလိုက်မှာ"

"လျှာမရှည်နဲ့၊ ဘာ မစီးစဖူးလဲ၊ စီးတဲ့အခါလည်းစီးတာပဲ"

ပြုံးစိစိလုပ်နေသော သူ့မကြောင့် သူ မျက်နှာပူပူနှင့် တပည့်ကျော်ကို ခပ်ငေါက်ငေါက်ဆိုဖြစ်သည်။ သို့သော် သကောင့်သား၏ ပါးစပ်က ပိတ်၍မသွား။

"ဆရာရယ်. . . ဆရာတပည့်ချင်းကို နောက်နေပြန်ပြီ၊ ဆရာ ဘယ်တုန်းကများ Taxi ကို စီးဖူးလို့လဲ"

"မင်းပါးစပ်ပိတ်ထားစမ်း၊ ဟိုမှာ Taxi လာနေတာတား လိုက်"

သကောင့်သား၏စကားကို ဖြတ်ကာဆိုသော သူ့စကားကို တပည့်ကျော်က. . .

"ဆရာ. . . အတည်လား"ဟု ဆိုနေပြန်ပုံက ပါးပိတ်တီးစရာ ကောင်းလို့နေသည်။

"အေး. . . အတည်ကွာ၊ အတည်၊ ကဲ. . . ပါ ငါ့ဘာသာငါပဲ တားတော့မယ်"

စိတ်မရှည်ခြင်း၊ မျက်နှာပူခြင်းများစွာဖြင့် သူကားကို တားဖြစ်သည်။ ကားခကို ဈေးပင်ဆစ်မနေတော့ဘဲ စီးသောသူကို တပည့်ကျော်ကြီးက ပါးစပ်ဟကာ ကြည့်လို့နေသည်။ ၎င်း၏စိတ်မှာ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘာထင်နေမှန်းမသိ။

"ငါ့ဆရာကတော့ ဒီနေ့ ဘာတွေဖြစ်နေတယ်မသိပါဘူး၊ ဒီနေ့"

"ဟကောင် မင်းပါးစပ်ပိတ်ထားစမ်းကွာ"

ကားနောက်ခန်းမှ သကောင့်သား၏ စကားမဆုံးခင်မှာ သူဖြတ်၍ဆိုဖြစ်သည်။ တော်တော်လည်း လျှာရှည်သည့်ကောင်ဟု တွေးရင်း သူမကို လှမ်းကြည့်သောအခါ သူမက ပြုံးစိစိလုပ်ကာနေသည်ကို သူ အောင့်သက်သက်ကြီး တွေ့လိုက်ရသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

**Righteousness is easy in retrospect.**

**မှန်မှန်ကန်ကန်နေရင် နောက်ကြောင်းရှင်းတယ်။**

**Arthur Schtesinger**

×××××

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

ဇော်ထွန်းအား စိတ်တိုတိုဖြင့် စကားတစ်ခွန်းမှ မဆိုပါဘဲ တိတ်တိတ်ဆိတ်ဆိတ်ပင် လိုက်ပါလာသော သူ့ကို သူမက ကား နောက်ခန်းမှနေ လှမ်း၍ခေါ်သည်။

သူ 'ဘာလဲ'ဟု သမင်လည်ပြန် လှည့်ကြည့်ဖြစ်သည်။

"နှင်းကလေ မင်းသမီးတော့အရမ်းဖြစ်ချင်တယ်၊ ဒါပေမဲ့ ကောလဟာလကိုတော့ ကြောက်တယ်၊ အဲဒါ တကယ်လို့များပေါ့နော် မင်းသမီးဖြစ်လာရင် ကောလဟာလတွေ မဖြစ်အောင် ဘယ်လို ရှောင်ရမလဲဟင်"

www.burmeseclassic.com

မြရင်အောင်

"ဟောဒီက လင်းသူရဆိုတဲ့ကောင်နဲ့ ယူလိုက်ပေါ့"ဟု စိတ်ထဲမှနေ ခပ်ချဉ်ချဉ်ဖြင့် တွေးမိသည်။

ဘယ့်နှယ် မုန့်ဆီကြော်ကဖြင့် ဘယ်နေမှန်းမသိ၊ ဆီသန့်နှင့်မှ ကြော်ထားပါ့မလား။ နှုတ်ခမ်းနာနှင့်မှ တည့်ပါ့မလားတွေ လာလုပ်ကာနေသည်။

ရုပ်ကလေးလှရုံနှင့် မင်းသမီးအဖြစ် ကျော်ကြားရော့မည် ဟူ၍များ ခံယူထားလေသလားမသိ။ ရုပ်ရည်ရှိတိုင်းသာ မင်းသမီးဖြစ်ကြစတမ်းဆိုလျှင် ကမ္ဘာတစ်ခြမ်းစာလောက်က မင်းသမီးများနှင့်သာ ပြည့်၍နေလိမ့်မည်။

အခုလည်းကြည့် မင်းသမီးဖြစ်ဖို့ မဖြစ်ဖို့ မသေချာသေးသော သူမက 'ကောလဟာလ'ကို ကြိုပြီးတော့များတောင် ကြောက်နေသည်ဆိုပဲ။ သူ ရယ်ချင်စိတ်ကို ဖွတ်အတင်း မျိုသိပ်ပြီး စာနာနားလည်ပေးနိုင်အောင်သာ ကြိုးစားဖြစ်သည်။

"ARTHUR SCHTESINGER ကတော့ မှန်မှန်ကန်ကန်နေရင် နောက်ကြောင်းရှင်းတယ်လို့ တိုတိုတုတ်တုတ်ပဲ ပြောထားတယ် နှင်းရဲ့၊ ဆိုလိုတဲ့သဘောကတော့ကွာ ကိုယ်ကောင်းရင် ခေါင်းမရွေ့ဘူးဆိုတဲ့သဘောပဲ၊ ကောလဟာလဆိုကတည်းက အမှန်မဟုတ်လို့ပေါ့၊ ဒီတော့ ကိုယ်က ထင်ရှားတဲ့လူတစ်ယောက်ဖြစ်ဖြစ် ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန်နေလိုက်ခြင်းအားဖြင့် ဘယ်သူဘာပြောပြော ဂရုစိုက်စရာမလိုတော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်"

နားလည်လား မလည်လားတော့မသိ သူမက 'ဟုတ်'ဟုဆိုသည်။

"ပြီးတော့ ဟိုတစ်နေ့က ညီမပြောလိုက်တဲ့စကားလေ၊ ဒီမင်းသားမင်းသမီးမှန်းသိရင် မလာပါဘူးဆိုတဲ့စကား၊ ညီမက မင်းသားမင်းသမီးတွေကို ငယ်မှချော့မှ ကြည့်မယ်၊ အားပေးမယ်လို့ တွေးထားတာလား"

"အဲလိုတော့ မဟုတ်ဘူးလေ"

သူမက ခေါင်းကိုကုတ်ရင်း အားနာဟန်ဖြင့်ဆိုသည်။ ပြီး သူမက. . .

"သူတို့သရုပ်ဆောင်တဲ့ ကာရိုက်တာကိုလည်း ကြည့်ဦးလေ၊ သူတို့အရွယ်ကြီးနဲ့ သင်တန်းသူသင်တန်းသားအဖြစ်နဲ့ လုပ်နေကြတော့"

"သရုပ်ဆောင်ဆိုတာ ဆေးစက်ကျရာ အရုပ်ထင်ရတယ် ညီမရဲ့"

သူမ၏စကားမဆုံးခင်မှာ သူဖြတ်ကာဆိုဖြစ်သည်။

"ဒါဆိုရင် သူတို့ကို မူကြိုကျောင်းသူ ကျောင်းသားအဖြစ်နဲ့ သရုပ်ဆောင်ခိုင်းရင်လည်း ဖြစ်တယ်ဆိုတဲ့သဘောလား"

သူမ၏ ခပ်ရွဲ့ရွဲ့စကားကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။

"ဒီလိုတော့လည်း စကားကို ကတ်ဖဲ့ပြီးပြောလို့မရဘူးလေ

www.burmeseclassic.com

www.burmeseclassic.com

ညီမရဲ့၊ အခုကိုယ်ရိုက်တဲ့ကားက ဟာသကားလေ၊ ဟာသတောင်မှ သရော်တော်တော်ဟာသမျိုး၊ တချို့မင်းသားမင်းသမီးတွေက အသက်သုံးလေးဆယ်ရှိတာတောင် တက္ကသိုလ်ကျောင်းသူ ကျောင်းသားဇာတ်လမ်းတွေ၊ ကွန်ပျူတာသင်တန်းသူ သင်တန်းသား တွေအဖြစ်နဲ့ သရုပ်ဆောင်ကြပြီးတော့ သူတို့ရဲ့ သူငယ်ချင်းနေရာ ကနေ သရုပ်ဆောင်တဲ့ ဇာတ်ပို့ဇာတ်ရံတွေကလည်း သုံးဆယ်ကျော် လေးဆယ်တွေမဟုတ်လား"

"အင်း"

"အဲဒါကိုရွဲ့ချင်လို့ အစ်ကိုရိုက်တဲ့ကားက ကွန်ပျူတာ သင်တန်းသူ သင်တန်းသားနေရာအတွက် မင်းသားမင်းသမီးတွေကို တမင် အသက်ခုနစ်ဆယ်ဝတ်ချာလည်ရှိတဲ့ လူတွေ ရှာထားတာ၊ ပြီးတော့ ဦးသီဟနဲ့ ဒေါ်ယမင်းနွယ်တို့က ဈေးကွက်ရှိတယ်လေ၊ ဒီတော့ သူတို့လို ဈေးကွက်ရှိပြီးသား မင်းသားမင်းသမီးနဲ့ ရိုက်ရင် မပေါက်စရာအကြောင်းလည်း မရှိဘူး၊ အသက်ခုနစ်ဆယ်ကျော် မင်းသားမင်းသမီးအတွက် ဇာတ်ပို့ဇာတ်ရံတွေကိုလည်း တမင်ပဲ ခုနစ် ဆယ်ကျော်တွေ ရှာထားတာ၊ တောင်ဝှေးတွေနဲ့ တုန်တုန်ချိချိဖြစ် အောင် တမင်သရုပ်ဆောင်ခိုင်းထားတာ"

သူ စကားကိုဖြတ်ရင်း ကြည့်လိုက်စဉ် သူမက မျက်လွှာတို့ ချကာ နားထောင်နေသည်ကို တွေ့ရသည်။

"ညီမရဲ့စိတ်ထဲမှာတော့ အသက်အရွယ်နဲ့မင်းသား

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးရဲ့ ကာရိုက်တာ မအပ်စပ်ဘူးလို့ ထင်မှာပဲ၊ ဒါပေမဲ့ ဒါက သရော်ပြီးရိုက်တဲ့ ဟာသကားလေ၊ အသက်ခုနစ်ဆယ်ကျော် မင်းသား မင်းသမီးက ကွန်ပျူတာသင်တန်းတက်တာကို သဘာဝမကျဘူးလို့တော့ မထင်စေချင်ဘူး၊ ပညာလို အိုသည်မရှိပဲလေ၊ ဒီတော့ နိုင်ငံခြားတွေမှာတောင် အသက်ရှစ်ဆယ်ကျော်ကိုးဆယ်မှ တက္ကသိုလ်တက်တဲ့ အဘိုးအဘွားတွေရဲ့ သတင်းတွေကို သတင်းစာတွေ၊ ဂျာနယ်တွေမှာ ညီမဖတ်ဖူးကြားဖူးမှာပဲ၊ အခုလည်း ဒီအသက်အရွယ်နဲ့ ဒီကာရိုက်တာကို မအပ်စပ်ဘူးလို့ မပြောနဲ့၊ လုံးဝအပ်စပ်တယ်"

"ဟုတ်"

ခပ်ချဉ်ချဉ်နှင့်ပြောသော သူ့စကားအဆုံးမှာ သူမက ဟုတ်ဟု မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ဆိုသည်။

"တကယ်တော့ ဒီဇာတ်ကားကို ကိုယ့်ဆရာက ရိုက်ဖို့စီစဉ်ထားတာ၊ ဒီ Idea တွေကို အစ်ကိုကပဲပေးခဲ့တာ၊ ဒီလိုမျိုး ခုနစ်ဆယ်ကျော် မင်းသားမင်းသမီးတွေကို ဒီလိုမျိုး သင်တန်းသူသင်တန်းသားတွေအဖြစ် သရုပ်ဆောင်နိုင်းဖို့ဆိုတာ ဘယ်သူမှလည်း စဉ်းစားမိမှာ မဟုတ်ဘူးလေ၊ ဇာတ်လမ်းရိုက်ခါနီးမှ ကိုယ့်ဆရာက ရုတ်တရက် နေမကောင်းဖြစ်တော့ ဆရာက အစ်ကို့ကို ရိုက်ခိုင်းတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီဇာတ်လမ်းရဲ့ မူလအစပျိုးတာက အစ်ကိုကိုး"

"ဪ"

သူမက ဪဟုရေရွတ်ရင်း ခေါင်းကိုညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## မြရင့်အိုင်

"ကိုယ့်ရဲ့ဇာတ်လမ်းကို ကိုယ်ပြန်ရိုက်ရတော့ သူများရဲ့ ဇာတ်လမ်းရိုက်ရတာထက်တော့ အများကြီးအဆင်ပြေတယ်၊ ဒီနေ့က ဇာတ်သိမ်းပိုင်းရိုက်မယ်၊ ဘာပဲပြောပြော ဒီနေ့ဒီအချိန် ဒီအသက် အရွယ်ထိ စန်းရှိနေသေးသလို၊ သရုပ်လည်းဆောင်နိုင်သေးတဲ့၊ အောင်မြင်မှုကိုလည်း ထိန်းထားနိုင်တဲ့ မင်းသားမင်းသမီးကြီးတွေကို ညီမ အတုယူသင့်တယ်၊ ဒီလောကက မြုပ်ချည်ပေါ်ချည် ဖြစ်လွယ် ပျောက်လွယ်လောကလေ၊ နာမည်ဝုန်းခနဲကြီးလာပြီး ဝုန်းခနဲကျ မသွားအောင် ထိန်းနိုင်ဖို့က သိပ်ခက်တယ်မဟုတ်လား"

သူမက သူ့စကားအဆုံးမှာ ခေါင်းညိတ်ပြသည်၊ သူတို့စီး လာသော Taxi က ရှုတင်တည်မည့် ရိုက်ကူးရေးလုပ်သည့် အိမ်ရှေ့ တွင် ရပ်သည်။ Taxi ခကို ခပ်တည်တည်ပင် ထုတ်ပေးသော သူ့ကို ဇော်ထွန်းက ပြောင်ချော်ချော်ဖြင့် လှမ်းကြည့်သည်၊ သူ မမြင်ချင် ယောင်ဆောင်လိုက်ရင်း 'တွေ့မယ်'ဟု စိတ်ထဲမှနေ ကြုံးဝါးဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



မင်းသားမင်းသမီးမလာခင် ရောက်နှင့်နေပြီဖြစ်သော ကင်မရာမင်းနှင့် သူ camera work ချနေသည်ကို သူမက ကြောင်တောင်တောင်လေး လိုက်ကြည့်ကာနေသည်။

သိပ်မကြာခင်မှာပဲ မင်းသားကြီးရော၊ မင်းသမီးကြီးပါ ဟော့ရှော့အဝတ်အစားများဖြင့် ရောက်ချလာသည်။ သူမက အားကျသည်လား၊ စပ်စုသည်လား မကွဲပြားသောအကြည့်ဖြင့် မင်းသားကြီးတို့ဆီ လှမ်းကြည့်ကာနေသည်။

"မင်းသားကြီးတို့စန်းက ဘယ်လောက်ထိလဲဆိုရင် ဒီနှစ်လုံးနဲ့အထိ ရိုက်ရက်တပြည့်နေပြီ၊ ရိုက်ရက်က ရုပ်ရှင်ကားကြီးတွေပဲ

www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဗွီဒီယိုဆိုတာ မပါသလောက်ပဲ၊ ကိုယ်က အခု သူတို့တစ်ကားနဲ့ တစ်ကားကြား အနားယူမဲ့ရက်ထဲကနေ ဒီဗွီဒီတစ်ကားစာလောက် ရိုက်ရက်ပေးဖို့ မနည်းတောင်းနေရတယ်”

သူမဆီကပ်ကာ သူ ခပ်တိုးတိုးပင်ပြောပြဖြစ်သည်။ သူမက

“သူတို့ နုပျိုသွက်လက်နေတာလည်းမပြောနဲ့၊ သူတို့ကိုကြည့် ရတာ အရမ်းကို ပေါ့ပေါ့ပါးပါးပဲ နေကြတာနော်၊ ရောက်စကတည်း က အခုထိ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်ပဲ”ဟု ဆိုသည်။

“အားလုံးနဲ့ လိုက်လျောညီထွေနေတဲ့အခါလည်း နေမှပေါ့၊ မင်းသားကွ မင်းသမီးကွဆိုပြီးတော့ နေရာတကာ ဘဝင်ကိုင်နေရင် လူချစ်လူခင်နည်းသွားမှာပဲ”

သူခေါင်းညိတ်ရင်း ဆိုဖြစ်သည်။

“နှင်းနဲ့ မိတ်ဆက်ပေးပါလား”

“ရတယ်လေ၊ လာ”

သူမနှင့်အတူ မင်းသားမင်းသမီးကြီးတို့ ရှိရာဆီ လျှောက် လာခဲ့ဖြစ်သည်။ သူမက ဘေးမှနေ မဝံ့မရဲပုံစံဖြင့် လိုက်ပါလာသည်။

“Hi ကိုလင်း”

ဦးသီဟက သွက်သွက်လက်လက်ပင် လက်ပြကာ လှမ်း၍ နှုတ်ဆက်သည်။

“ဦးနဲ့မိတ်ဆက်ချင်လို့တဲ့၊ သူက ကျွန်တော့်ဘေးခံမိတ ဒိမ်နီးနားချင်း၊ နာမည်က နှင်းရတီကျော်တဲ့၊ သူက သရုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်နေတာ"

"ဩော်. . . အေး ရုပ်ကလေးကချောသားပဲ၊ ကြိုးစားပေါ့၊ တိုယ်ကလည်းကြိုးစား၊ ကံကလည်းပေးမယ်ဆိုရင် ဖြစ်နိုင်ပါတယ်"

"ဟုတ်"

ဦးသီဟ၏စကားကို သူမက ပြုံးကာခေါင်းညိတ်ဆိုသည်။

"ဦးရေ. . . နည်းနည်းဗျူးခွင့်ပြုပါ"

သူတို့စကားကောင်းနေတုန်း ဂျာနယ်တစ်စောင်မှ အင်တာဗျူးရန် ရောက်လာသည်။ အင်တာဗျူးမည့် ကောင်မလေးကို ဦးသီဟက. . .

"နည်းနည်းမဟုတ်ဘူး. . . အများကြီးဗျူး"

ဟု ခပ်ပြုံးပြုံးပင် အရယ်တစ်ဝက်ဖြင့်ဆိုသည်။ ကောင်မလေးက အကြာကြီးအင်တာဗျူးပြီးမှ 'ခုနောက်ဆုံးမေးခွန်းလေးပေါ့နော်၊ ဦး လူငယ်သရုပ်ဆောင်တွေလည်း အပြိုင်းအရှိုင်း ပေါ်ထွက်လာကြတယ်လေ၊ သူတို့တွေကို ဘာမှာချင်ပါသလဲရှင့်"

ဟု မေးသည်။ ဦးသီဟက အတန်ကြာအောင် စဉ်းစားသည်။ ပြီးမှ. . .

"အင်း. . . ဦးတို့လို ရှေ့ကစီနီယာတွေကို လေးစားကြပါ၊ အတုယူသင့်တာကိုယူပြီး အားကျကြပါ၊ ကြိုးစားကြပါလို့ ပြောချင်ပါတယ်၊ အခု နောက်တက် တချို့ချာတိတ်လေးတွေက ဦးတို့ စီနီယာတွေအပေါ်မှာ Respect တွေ လျှော့လာကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမကောင်းဘူးလေ"

အင်တာဗျူးသည့် ကောင်မလေးက ဟုတ်ဟု ခေါင်းညိတ်သည်။

"ဦးတို့က ဒီလောကမှာ ရွှေရတုတိုင်အောင် နေလာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ ဦးတို့ကိုယ်တိုင်က လူငယ်တွေအပေါ်မှာ ဂျူနီယာလို့သဘောမထားဘဲနဲ့ Respect ထားသလို လူငယ်တွေက လည်း ဘယ်သူ့အပေါ်မဆို Respect ထားကြပါလို့၊ ကိုယ့်အလုပ်ကို ကိုယ်လေးစားပြီး ကြိုးစားကြပါလို့ ပြောချင်ပါတယ်"

"ဟုတ်ကဲ့ပါဦး၊ ကျေးဇူးပါပဲ"

အင်တာဗျူးသည့် ကောင်မလေးက သူမ၏ ရီကော်ဒါကို ပိတ်ပြီး အိတ်ထဲထည့်ကာ ထရပ်ရင်း သူ့ကိုပြုံးပြသည်မို့ သူပြန်ပြုံးပြဖြစ်သည်။

"ကြားတယ်မဟုတ်လား၊ မင်းသားကြီးတွေဆီမှာ သင်ယူစရာ၊ မှတ်သားစရာစကားတွေ အမြဲရှိတယ်၊ ကိုယ်ကတော့ သူတို့နား မှာ အမြဲတမ်းနားဖွင့်ပြီး မှတ်သားတယ်၊ ညီမလည်း သူတို့ပြောတဲ့ အကြောင်းအရာတွေကို မှတ်ထားပေါ့"

"ဟုတ်"

သူမကတော့ ထုံးစံအတိုင်း 'ဟုတ်'ဟုဆိုကာ ခေါင်းကိုညိတ်သည်။ သူကတော့ လူစုံလာပြီမို့ ရှုတင်စရန် ဇော်ထွန်းကို အလျှက်မြဖြစ်သည်။

××××

www.burmeseclassic.com

www.burmeseclassic.com

## ၁၀

## နပူးရေ ဒူးရေ

ရှုတင်ရှိ အားလုံးသောသူတို့၏ မျက်လုံးများက ကင်မရာရှေ့တွင် သရုပ်ဆောင်နေသော မင်းသမီးနှင့် မင်းသားတို့ဆီမှာမို့ ရှုတင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်ကာနေသည်။

"ကိုယ့်မှာကွာ ကိုယ့်ရဲ့သားသမီးတွေ မြေးတွေက မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေကြလို့ ချစ်ဆီကိုတောင် ဖုန်းမဆက်ရဲဘူး"

"ဘာထူးလဲမောင်ရဲ့၊ ချစ်ကလည်းလေ အိမ်ကသားသမီးတွေ အလုပ်သွားလို့ လစ်ပြီထင်ပြီး ထွက်လာမလို့ဥစ္စာ၊ မြေးတွေမြစ်တွေ စောင့်ကြပ်ကြည့်ရှုနေလို့ လှုပ်တောင်မလှုပ်ရဲဘူး"

အသက်ကြီးသော်လည်း ဒိုင်ယာလော့(ခ်) လုံးဝမှားသော

www.burmeseclassic.com

www.burmeseclassic.com



အိုက်တင်လုံးဝမကြောင်သော မင်းသားကြီးနှင့် မင်းသမီးကြီးတို့၏ သရုပ်ဆောင်မှုက နှစ်ခါပြန်ရိုက်စရာမလို၊ လုံးဝလှည့်ကြည့်စရာမလို အောင် တိကျသေသပ်သည်။

"အခုတော့ ဘာပဲပြောပြော အခက်အခဲတွေကို ကျော်ခဲ့ပြီ ဆိုတော့ ကိုယ်တို့နှစ်ယောက် အေးအေးဆေးဆေး ချစ်လို့ရပြီပေါ့ တုတ်ဖူးလား"

"သွား. . . လူဆိုး"

"တဒ်"

သူ၏အော်သံအဆုံးမှာ လက်ခုပ်သံတွေ ဆူညံကာသွား သည်။ သူရိုက်ကူးသောဇာတ်ကား၏ နောက်ဆုံးဇာတ်သိမ်းခန်းကို အဆင်ပြေပြေ ရိုက်ကူးပြီးစီးပြီမို့ အားလုံး လက်ခုပ်တီးကြခြင်းဖြစ် သည်။

"ကျေးဇူးပဲနော် ဦး၊ အမေ မောသွားပြီလား"

မင်းသားကြီးဆီကိုရော မင်းသမီးကြီးဆီကိုပါ သွားပြီး နှုတ်ဆက်ဖြစ်သည်။ သူသွားလေရာ တကောက်ကောက်လိုက်နေ သော သူမတို့မောင်နှမကလည်း သူ့နောက်မှာ ကပ်ပါလာသည်။

"အစ်ကို. . . နှင်းကို မိတ်ဆက်ပေးဦးလေ"

သူမက မင်းသမီးကြီးဆီ မဝံ့မရဲ လှမ်းကြည့်ရင်း ခပ်တိုးတိုး ဆိုသည်။

"လာ"

www.burmeseclassic.com

www.burmeseclassic.com



ယပ်တောင်တဖျတ်ဖျတ်ခတ်နေသော ဒေါ်ယမင်းနွယ်ဆီသို့ သူမကိုခေါ်သွားဖြစ်သည်။ မင်းသမီးကြီးက သူ့ကိုမြင်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်ပြုံးပြသည်။

"အမေနဲ့ မိတ်ဆက်ချင်လို့တဲ့အမေရေ၊ ဒါ ကျွန်တော့်ဘေးအိမ်က အိမ်နီးနားချင်း၊ နှင်း ဒါက အမေဒေါ်ယမင်းနွယ်တဲ့၊ အမေ သူ့နာမည်က နှင်းရတီကျော်တဲ့"

"ဟယ်. . . လှလိုက်တာ နာမည်ကော ချစ်စရာလေးပဲ"

ဒေါ်ယမင်းနွယ်၏ ချီးကျူးစကားကြောင့် သူမက ရှက်ကိုးရှက်ကန်းဖြင့် မင်းသမီးကြီးကို ပြုံးပြရင်း. . .

"သမီးတို့ ချစ်စရာကောင်းတယ်ဆိုတာ အမေ့ဆီရောက်တော့ အလကားဖြစ်သွားရော၊ အမေကမှ အနီးကပ်ကြည့်လေ ပိုချောလေ ပိုနုလေပဲ"

"အမလေး. . . စကားတတ်လိုက်တာ"

ဒေါ်ယမင်းနွယ်က ပြောရင်းရယ်သည်။

"သူက မင်းသမီးဖြစ်ချင်လို့တဲ့ အမေ"

သူဝင်၍ ဆိုဖြစ်သည်။

"တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်တဲ့ သမီးရဲ့၊ ကြိုးစားပေါ့၊ မင်းသမီးဆိုတာထက် သရုပ်ဆောင်ကောင်းဖြစ်အောင် ကြိုးစား၊ အမြဲတမ်း သွက်လက်ဖျတ်လတ်နေအောင်နေပေါ့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူမက ချစ်စဖွယ်ပြုံးရင်း ခေါင်းညိတ်သည်။

"သမီးက ရုပ်ရည်လေးရှိနေတာပဲ၊ ရုပ်ကလေးက ချောပြီး သားဆိုတော့ ဉာဏ်နဲ့ဝီရိယစိုက်ပြီး ကြိုးစား၊ စန်းသာရှိလို့ကတော့ ပေါက်ပြီးသားပဲ"

"အမေ့စကားကြားရတာနဲ့တင် သမီး အတော်လေးအားရှိ လာပြီ"

အတိုင်အဖောက်တွေ ညီနေသော သူမနှင့် မင်းသမီးကြီး ကိုကြည့်ရင်း သူပြုံးဖြစ်သည်။ သူမက ခေါင်းကိုကုတ်ရင်း. . .

"အမေ. . . အခုခေတ် မင်းသမီးတွေကို ဘယ်လိုမြင်လဲဟင်၊ သရုပ်ဆောင်မှာပဲဖြစ်ဖြစ်၊ ကြိုးစားအားထုတ်မှုနဲ့ လူမှုရေးမှာပဲဖြစ် ဖြစ်ပေါ့"

ဟု မေးသည်။ မင်းသမီးကြီးက မျက်လုံးကို ထောင့်ကပ်ကာ တွေးလိုက်ရင်း. . .

"အင်း. . . တော်ကြပါတယ်၊ တော်တော်များများကတော့ တော်ကြပါတယ်၊ ဒါပေမယ့် ကြိုးတော့ အတော်ကြိုးစားရဦးမယ်၊ သရုပ်ဆောင်ပညာဆိုတာက လေ့လာလေ နက်နဲလေပဲ၊ အမေတို့ တောင် အခုထိ လေ့လာနေရတုန်းလေ၊ အင်း သူတို့တွေကိုကြည့်ရ သလောက် နင်လားငါလား လုပ်နိုင်တာ၊ သရုပ်ဆောင်နိုင်တာဆိုတာ မတွေ့မိသေးဘူး၊ လိုပါသေးတယ်လေ"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ထုံးစံအတိုင်း 'ဟုတ်'ဟု ဆိုရင်း ခေါင်းညိတ်သည်။

"လိုတာမှ တော်တော်ကြီးကိုလိုသေးတယ်၊ ပြောရရင် မတော်မတရားကြီးကို ကြိုးစားရလိမ့်ဦးမယ်၊ သနားပါတယ်၊ တချို့ ဆိုရင်လေ အသေအကြေကို ကြိုးစားရလိမ့်ဦးမယ်၊ အလဲအကွဲကို အားထုတ်ရလိမ့်ဦးမယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ကြိုးစားထားရရှာတဲ့ အိုက်တင်တွေက နောက်နေသလိုပဲ၊ အများကြီးလိုနေသေးတာ တိုး၊ ကျွတ်. . . ကျွတ်. . . ကျွတ် သူတို့အကြောင်း တွေးမိပြောမိရင် စိတ်ကိုမကောင်းဘူး၊ သနားပါတယ်၊ သူတို့ခမျာ ကောင်းကောင်းကန်းတန်း သရုပ်မဆောင်နိုင်ကြရှာဘူး"

ခေါင်းခါရင်းဆိုနေသော မင်းသမီးကြီး၏စကားကို သူမ ခေါင်းညိတ်ကာ တဟုတ်ဟုတ်နှင့် ထောက်ခံနေရသည်ကို ကြည့်ရင်း သူ ဟက်ခနဲရယ်ဖြစ်သည်။ ဒေါ်ယမင်းနွယ်ကတော့ ယနေ့ခေတ် သရုပ်ဆောင်တွေ၏ လိုအပ်ချက်များကို ပြော၍မဆုံးတော့။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## ၆၀ မြရင့်အောင်

"ဆရာ"

ရှုတင်မှုလူများအားလုံး အိမ်ပြန်ရန် ပြင်ဆင်နေကြချိန်မှာ ဇော်ထွန်းက သူ့အနားရောက်လာကာ ဆရာဟုဆိုသည်။

"အေး. . . ပြော"

သူ သဘောင်္ဘသားတို မနက်ကကိစ္စကြောင့် သိပ်မကြည် သေးသည်မို့ ခပ်တည်တည်ပင် 'အေး. . . ပြော'ဟု ဆိုဖြစ်သည်။ ဘေးမှာ သူမကလည်းရှိနေသည်ကိုး။

"အပြန်ဘယ်လိုပြန်မလဲလို့ မေးမလို့ပါဆရာ"

"ဟ. . . ဘယ်လိုပြန်ရမှာလဲ၊ Taxi နဲ့ပဲပြန်ကြပေါ့ကွ"

www.burmeseclassic.com



သူ ခပ်တည်တည်ပင် ပြန်၍ဆိုဖြစ်သည်။ သို့သော် ဆရာသမားက အတွန့်တက်သည်။

"ဆရာရယ်. . . မစီးဖူးတာတွေ မစီးပါနဲ့လား"

"ဟကောင်"

သူ အလန့်တကြားပင် မျက်လုံးကြီးပြူးကာ အော်ဖြစ်သည်။

"မဟုတ်ဘူးလေ ဆရာရဲ့၊ ထုံးစံအတိုင်းပဲ လိုင်းကားလေးစီး"

"ပါးစပ်ပိတ်ထား ဇော်ထွန်း"

သူ အာခေါင်ခြစ်ကာ အော်ဖြစ်သည်။ သို့သော် သကောင့်သား၏အရှိန်က မသေသေး။ ခေါင်းကိုကုတ်ရင်း. . .

"ဆရာ. . . ကျွန်တော့်ကို မနောက်နဲ့နော်၊ အတည်ကြီးငှားပစ်လိုက်မှာ"

"ငှားလိုက်ပါ၊ လျှာမရှည်စမ်းပါနဲ့၊ သွားကွာ သွား အခုလမ်းထိပ်ထွက်ငှား၊ ငါကြာရင် ထကန်မိလိမ့်မယ်"

ဒေါသထွက်ထွက်ဖြင့် ငေါက်အော်သော သူ့ကိုကြည့်ရင်း တပည့်ကျော်ကြီးက အတည်နော်ဟု အော်ဖြစ်အောင် အော်သွားသေးသည်။

ဘာရယ်မဟုတ် သူမကို မသိမသာလှမ်းကြည့်တော့ ပြုံးဖြီးဖြီးကြီးလုပ်နေသည်ကို အောင့်သက်သက်ဖြင့် တွေ့လိုက်ရသည်။

xxxx



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြန် Taxi ပေါ်၌ အလွန်တိတ်ဆိတ်နေသည်။ တပည့်ကျော်ကြီး ဇော်ထွန်းကတော့ အားရအောင် လူကိုနှိပ်ကွပ်ပြီး ပြီမို့လားတော့မသိ။ ပါးစပ်ပိတ်ကာ ပါလာသည်။ သူလှည့်မကြည့် ဖြစ်သော်လည်း သူမကတော့ ပြုံးစိစိကြီးဖြစ်နေမှာသေချာသည်။

"အစ်ကိုကြီး ဒီနေ့ဇာတ်ကားက ဇာတ်သိမ်းပိုင်းပြီးသွားပြီ ဆိုတော့ နောက်ရက်ကျ နောက်တစ်ကားပေါ့နော်"

သူမ၏မောင်လေးက ကားနောက်ခန်းမှနေ သူ့ကိုလှမ်း၍ မေးသည်။

"ကျော်ကျော် ကလေးက ကလေးလိုနေစမ်း၊ ငြိမ်ငြိမ်စုနဲ့"

သူမက သူမ၏မောင်လေးကို ဟန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မေးပါစေ၊ အစ်ကိုတို့က နောက်ငါးရက်နေပြီးရင် ရိုက်ရက်ရှိတယ်ညီလေးရဲ့ မင်းသားအသစ်နဲ့ရိုက်ရမှာ၊ ဒီကြားထဲမှာက အနားယူရင်းနဲ့ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ရဦးမယ်"

သူနောက်သို့ သမင်လည်ပြန်ကြည့်ရင်း ဆိုဖြစ်သည်။

"ဟာသကားပဲလားဟင်"

ချာတိတ်က သူ့အစ်မကို တစ်ချက်လှမ်းကြည့်ရင်း သူ့ဘက်လှည့်ကာမေးသည်။

"အင်း. . . ဖိုက်တင်တွေ များတဲ့ကားဆိုတော့ အက်ရှင်ကားလို့ပဲ ပြောရမှာပဲ၊ သူက ဖိုက်တင်အသားပေးပြီး ရိုက်ရမှာလေ"

"ဟား. . . မိုက်တယ်ဗျာ၊ သားကတော့ နွေရာသီကျောင်းပိတ်ထားတုန်း ရှူတင်ရှိတဲ့ရက်တိုင်း လိုက်ကြည့်မယ်"

ချာတိတ်က အားရဝမ်းသာဖြင့် ဆိုသည်။

'အစ်ကိုကလည်း ညီလေးယောက်ဖကို ရှူတင်ရှိတဲ့နေ့တိုင်း ခေါ်မှာပါကွာ'ဟု စိတ်ထဲမှနေ ရေရွတ်မိသည်။

"နင်ကလိုက်ကြည့်မယ်သာ ပြောနေတာ၊ ကိုလင်းသူရက ခေါ်မှာမို့လား"

သူမက သူ့မောင်ကို စသလိုနောက်သလိုဖြင့် ဆိုသည်။

"အာ. . . သူစိမ်းတွေမှမဟုတ်တာ၊ ကိုယ့်ညီလေးကိုမှ မခေါ်ရင် ဘယ်သူ့ကို သွားခေါ်မလဲ၊ ဟုတ်တယ်မဟုတ်လား ညီလေး"

ဟူသော သူ့စကားအဆုံးမှာ ချာတိတ်က 'ဟုတ်တာပေါ့'ဟု ဆိုသည်။

သူဆိုလိုသောအဓိပ္ပာယ်ကို သူမက သဘောပေါက်သည်ထင့် မျက်နှာကြီးနီရဲလျက် ခေါင်းငုံ့ကာသွားသည်။

www.burmeseclassic.com

## ၆၄ ပျော်ရွှင်အောင်......

"ဒါနဲ့လေ အစ်ကိုကြီး"

"အေး. . . ပြော ညီလေး"

"ကျွန်တော့်အစ်မက ဒီရုပ်ကြီးနဲ့ မင်းသမီးဖြစ်နိုင်ပါ့မလား ဟင်"

ချာတိတ်က ပြောင်ချော်ချော်ဖြင့် ရွှတ်နောက်နောက်ဆိုသည်။

"ပြည့်ဖြိုးကျော်နော်. . . ငါခေါင်းခေါက်လိုက်မယ်"

သူမက မောင်ဖြစ်သူကို နာမည်အပြည့်အစုံခေါ်ပြီး 'ခေါင်းခေါက်လိုက်မယ်'ဟု ရှက်အမ်းအမ်းဖြင့်ဆိုသည်။

"သာမန်မင်းသမီးဖြစ်ဖို့ကတော့ မခဲယဉ်းဘူးညီလေးရ၊ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ပေါက်မြောက်အောင်မြင်တဲ့ မင်းသမီးဖြစ်ဖို့ကတော့ ကြိုးစားရမှာပေါ့၊ ညီလေးရဲ့အစ်မက ချောပြီးသားပါ၊ ဘာမှမပြင်ဆင်ဘဲနဲ့တောင် ဒီလောက်လှနေရင် ပြင်လိုက်ဆင်လိုက် လို့ကတော့ လုံးဝ နတ်သမီးပဲ"

သူ့စကားအဆုံးမှာ ချာတိတ်က သူ့အစ်မကို ပြုံးဖြီးဖြီးဖြင့် ကြည့်သည်။ သူမကတော့ ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကိုငုံ့ကာထား သည်။ ပြီး. . .

"ဘယ်လောက်မြှောက်မြှောက် ကျွေးစရာမုန့်မရှိဘူးနော်"

ဟု ရှက်ဝဲဝဲဖြင့်ဆိုသည်။

"အတည်ပြောတာပါ၊ မှန်တာပြောရင် ချမ်းသာရပါစေဗျာ"

နောက်ဆက်တွဲဆိုသော သူ့စကားကြောင့် သူမက ပို၍ အရှက်သည်းသွားသည်လားမသိ ပို၍ခေါင်းငုံ့ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှုတင်မရှိတဲ့ရက်မှာ ဂိမ်းလေးဘာလေးဆော့ရရင် ကောင်းမယ်ဗျာ၊ အိမ်ကဂိမ်းစက်က ကျွန်တော့်အစ်မဆော့လို့ ပျက်သွားပြီလေ"

ချာတိတ်က တစ်ယောက်တည်း ညည်းသလိုလိုနှင့်ဆိုသည်။

"ဟဲ့. . . ငါဆော့တာကနည်းနည်းရယ်၊ နင်ကမှ မထတမ်း ဆော့တာ"

"သားက ဂိမ်းစွဲနေတာမှမဟုတ်တာ၊ သားက တစ်ရက်မှ တစ်နာရီပဲဆော့တာ၊ ဘယ်မှာ မထတမ်းဆော့လို့တုန်း၊ မမပဲ မကြီး မငယ်နဲ့ အကြာကြီးဆော့တာ"

မောင်နှမနှစ်ယောက် ငြင်းနေသည်ကို ကြည့်ရင်း သူရယ် ဖြစ်သည်။

"ကဲပါ ညီလေးရာ ညီလေးဆော့ချင်ရင် အစ်ကို့အိမ်မှာလာ ဆော့၊ အစ်ကို့ဆီမှာ ခွေစုံရှိတယ်၊ ဟုတ်ပြီလား"

"တကယ်လား"ဟု ချာတိတ်က ဝမ်းသာအားရဖြင့် မေးသည် မို့ ယောက်ဖလောင်းချာတိတ်ကို 'တကယ်ပေါ့ကွ'ဟု သူဆိုဖြစ်သည်။

"OK သားတော့ ဂိမ်းဆော့ရတော့မယ်၊ မမတို့ကတော့ ဆော့စရာမရှိဘူး၊ ဝေးဟေး"

ချာတိတ်က သူ့အစ်မကိုပါစရင်း ဝမ်းသာအားရဖြင့်အော် သည်။ ဘာရယ်မဟုတ် သူမနှင့်သူ ဖျတ်ခနဲ အကြည့်ချင်းဆုံဖြစ်ကြ သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

ကျွားကြီး၏ ရှုတင်ပထမဆုံးတည်သောနေ့။

အားလုံး သူ့အလုပ်နှင့်သူ တက်ကြွနေကြသည်။ အတက်ကြွဆုံးကတော့ ကျွားကြီးခေါ် ကျော်ဗလဖြစ်သည်။

"ဆရာ"

"ဗအေး. . . ညီလေး ကျွားကြီး ပြော"

သူ မပြုံးချင်ပြုံးချင်ဖြင့် စွတ်ပြုံးရင်း ပြောဟု ဆိုဖြစ်သည်။

"သူများဝတ်ထားတာ အဆင်ပြေရဲ့လားဟင်၊ ဇာတ်ဝင်ခန်းမှာဝတ်ဖို့ ဇာတ်ညွှန်းကို ဖတ်ကြည့်လိုက်တော့ သင့်တော်မည့်ယောကျ်ားပီသသောဝတ်စုံလို့ ရေးထားတယ်လေ၊ ဒါနဲ့ပဲ သူများလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျားကျားလျားလျားရှိအောင်ဆိုပြီးတော့ ပျောက်ကျားဘောင်းဘီနဲ့ အပေါ်မှာက စွပ်ကျယ်ဝတ်ဖြစ်တယ်၊ စွပ်ကျယ်ဝတ်မှ သူများကစား ထားတဲ့ ဘော်ဒီကို ပြလို့ရမှာလေ"

"ကောင်းပါတယ်၊ အဆင်ပြေတယ်"

အော်ငိုပစ်ချင်စိတ်ကို ထိန်းရင်း သူဆိုလိုက်တော့မှ ကျားကြီးက 'တော်သေးတာပေါ့'ဟုဆိုရင်း ထွက်သွားသည်။ ဘေးမှာ ရှိနေသော သူမတို့မောင်နှမကို ကြည့်လိုက်သောအခါ ပါးစပ်ကြီးတွေ ဟကာ အံ့အားသင့်နေသည်ကို တွေ့ရသည်။

"သူကဘယ်သူလဲဟင်"

ကျားကြီးခေါ် ကျော်ဗလ၏ ကျောဘက်ကို လှမ်းကြည့်ရင်း မျက်နှာကြီးရှုံ့ကာ သူမက ခပ်တိုးတိုးအမေးရှိသည်။

"သူက ဒီကားရဲ့ ပရိုဂျူဆာမင်းသားလေ"

"သူက မင်းသား၊ ဟုတ်လား"

သူ့စကားအဆုံးမှာ သူမက ရင်ဘတ်ကိုဖိရင်း မျက်လုံးကြီး ပြူးကာ 'သူကမင်းသား ဟုတ်လား'ဟု အံ့အားတသင့်ဖြင့် ထပ်ကာ မေးသည်။

"ဟုတ်တယ်၊ သူက ဒီဇာတ်ကားရဲ့ ခေါင်းဆောင်မင်းသား"

"သူက"

သူမစကားကို ကုန်အောင်မပြောတော့ဘဲ သူကာဟု အံ့အား တသင့် ရေရွတ်ရင်း ကျားကြီးဆီ လှမ်းကြည့်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုက်တင်တွေချည်း တစ်ကားလုံးအသားပေးရိုက်မယ်ဆိုတဲ့ ခေါင်းဆောင်မင်းသားဆိုတာ သူ. . သူလား"

သူမ၏မေဝင်လေးကလည်း မျက်နှာကြီးရှုံ့မဲ့ကာ အထစ်ထစ်အငေါ့ငေါ့ဖြင့် အမေးရှိပြန်သည်မို့ သူ ခေါင်းညိတ်ပြရပြန်သည်။

"အင်း. . . သူက ကျားကျားလျားလျားပဲ သရုပ်ဆောင်ချင်တာတဲ့"

"သူက"

သူ့စကားအဆုံးမှာ သူမက 'သူက'ဟု အမေးရှိပြန်သည်မို့ သူဘယ်နှကြိမ်မြောက်မှန်းမသိ ခေါင်းကို လေးတွဲစွာ ညိတ်ပြရပြန်သည်။

"ဆေးစက်ကျရာ အရုပ်ထင်ပါ့မလားဟင်"

သူမက မျက်နှာကို အနည်းငယ်ရှုံ့မဲ့ကာထားရင်းက ခပ်တိုးတိုးဆိုသည်။

"အမှန်အတိုင်းဝန်ခံရရင်တော့ အလုပ်ပြတ်နေလို့ လက်ခံလိုက်တာပဲ၊ ဒါပေမဲ့ အစ်ကိုထင်တယ် သူ့ကိုသူရိုက်ချင်တဲ့ ကာရိုက်တာအတိုင်း ရိုက်ပေးလိုက်ပြီးတော့ တကယ်ထွက်လာတဲ့အချိန်ကျရင် အက်ရှင်အနေနဲ့မဟုတ်ဘဲ ဟာသကားအနေနဲ့ ပေါက်သွားမယ်ထင်တယ်"

"ညီမနားမရှင်းဘူး"

သူမက အသံကိုနှိမ့်ရင်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြောချင်တာက ဒီလို၊ သူ့ရဲ့နဂိုရှိရင်းစွဲ ဟန်ပန်တနွဲ့နေတယ်၊ ဒါကိုပဲ သူရိုက်ချင်နေတာက အကျ်ရှင်ကား၊ လုံးဝ ကျားကျားလျားလျားဖိုက်တင်ခန်းတွေ ရိုက်ချင်တာ၊ ဒါပေမဲ့ ဖိုက်တင်ကို ရိုက်တဲ့မင်းသားတွေထဲမှာ သူ့လိုစတိုင် တစ်ယောက်မှမရှိသေးဘူး၊ ဒီတော့ ဖိုက်တင်ကို ခပ်နွဲ့နွဲ့သရုပ်ဆောင်မဲ့ ကမောက်ကမ အိုက်တင်တွေနဲ့ ဟာသဖြစ်နေမှာ သေချာတယ်၊ ဒီတော့ ရုပ်တည်ကြီးနဲ့ သူ့လုပ်သမျှတွေ အကုန်ရိုက်ပြီး သေသေချာချာတည်းဖြတ် ဖြန့်ချိလိုက်ရင် အုန်းအုန်းကြွက်ကြွက် ပေါက်မသွားဘူးလို့ မပြောနိုင်ဘူး၊ အစ်ကိုပြောတာ သဘောပေါက်လား"

"အင်း. . . ပေါက်ပြီ"

အရိပ်ပြလျှင် အကောင်ထင်ဆိုသလို သူမသဘောပေါက်ကာသွားသည်။ ကျားလျားအောင်ဆိုပြီး စွပ်ကျယ်ချိုင်းပြတ်နှင့် ပျောက်ကျားဘောင်းဘီရှည်ကို ဝတ်ဆင်ထားသော ကျားကြီးခေါ် ကျော်ဗလကတော့ ရှူတင်သို့ လိုက်လံအားပေးကြဟန်တူသော မိတ်ဆွေရောင်းရင်း အပေါင်းအသင်းနှင့် ဆွေမျိုးတို့၏အလယ်တွင် အာကျယ်အာကျယ်ဖြင့် စကားဆိုနေတော့သည်တမုံ့။

xxxx

www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်ယာလော့(ခ်)က လွယ်လွယ်လေးပါ၊ ဘာမှစိတ်မလှုပ်ရှားနဲ့၊ ဒီဒိုင်ယာလော့(ခ်)ကိုပြောပြီးတော့ ဒါနဲ့ပဲ ဇာတ်လမ်းကိုဖွင့်မှာ၊ ဒီတော့ မာန်အပြည့်နဲ့ ဒီစကားကို ညီလေးအဆင်ပြေသလိုပြော၊ ဓါသည်မရွေး မှန်စရာမလိုဘူး၊ သဘောပေါက်လား၊ ဒီမှာကြည့် အစ်ကို ရှေ့ကလုပ်ပြမယ်၊ ပြောပြမယ်"

ကျားကြီးကို အားပေးစကားဆိုရင်း သူ လက်ထဲမှ ဇာတ်ညွှန်းစာအုပ်ကို အနီးတွင်ရှိသော သူမဆီ လှမ်းပေးဖြစ်သည်။ သူမက စာအုပ်ကို ကြောင့်တောင်တောင်ဖြင့် လှမ်းကာယူသည်။ သူ အင်္ကျီလက်မောင်းကို ခေါက်ဖြစ်သည်။ ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်တွေ မင်းတို့ ငါ့ကို ဘာကောင်ထင်နေလဲ၊ ငါဆိုတဲ့ကောင်က တုံးတိုက်တိုက်ကျားကိုက်ကိုက်ဆိုတဲ့ လူစားမျိုးကွ နားလည်လား"

ဟု မာန်အပြည့်ဖြင့် ပြောပြသရုပ်ဆောင်ပြဖြစ်သည်။

"ကဲ. . . အဲဒီလိုလုပ်ကြည့်လိုက်၊ ဘာမှမကြောက်နဲ့၊ တင်မရာကို ရှိတယ်လို့ကို မအောက်မေ့နဲ့၊ ကဲ လူကြမ်းအဖွဲ့ နေရာယူ၊ တင်မရာ Ready လား"

"Ready ပါ"

သူ့အမေးကို တင်မရာမင်းက 'Ready ပါ'ဟု ပြန်၍ဆိုသည်။

"ကဲ. . . ညီလေးကျားကြီး Ready လား"

"ဟုတ်"

ကျားကြီးက 'ဟုတ်'ဟုဆိုရင်း နှုတ်ခမ်းကိုတင်းတင်းစေ့ကာထားသည်။ သဘောက ကျားစိတ်ကျားမာန်တို့ကို Mood အပြည့်သွင်းထားသည်ဆိုသည့်သဘော။

"ကဲ. . . အားလုံး Ready ၊ ဖိုက်၊ ဖိုး၊ သရီး၊ တူး၊ ဝမ်း၊ အက်ရှင်"

သူ၏ 'အက်ရှင်'ဟူသောအသံအဆုံးမှာ ကျားကြီးက လက်သီးကို ကျစ်နေအောင်ဆုပ်ကာထားသလို မျက်နှာက ကျား တစ်ကောင် ဟိန်းတော့မည့်အလား ခက်ထန်သောမာန်အပြည့်ဖြင့်


www.burmeseclassic.com

www.burmeseclassic.com



စကားစကို စ၍ဆိုသည်။

"ဟဲ့. . . အကောင်တွေ၊ နင်တို့ သူများကို ဘာထင်နေလဲ၊ သူများက တုံးတိုက်တိုက်ကျားကိုက်ကိုက်ဆိုတဲ့ အစားထဲကဟဲ့၊ နားလည်လား"

"ကဒ်"

သူ ကဒ်ဟုမအော်ခင်မှာပင် ရှုတင်ရှိလူအချို့ထံမှ တခွီး ခွီးရယ်သံများကို သူကြားလိုက်ရသည်။ လူကြမ်းအဖွဲ့ကတော့ ရယ်ချင်ပက်ကျိပုံစံတွေကို စွတ်ဖုံးဖိကာနေသည်ကို တွေ့ရ၏။ ဘယ်သူတွေ ဘယ်လိုပဲ ရယ်ရယ် ကျားကြီးခေါ် ကျော်ဗလကတော့ ခပ်တည်တည်ပင် သူ့ကိုလှမ်းကြည့်ရင်း 'အဆင်ပြေလားဆရာ'ဟု မေးသည်။

"ပြေတယ် ညီလေး၊ ဒါပေမယ့် ညီလေးရဲ့စိတ်ထဲမှာ သရုပ်ဆောင်ရတာ အားမလိုအားမရဖြစ်နေတယ်၊ ဒီထက် ကိုယ်လုပ်နိုင်သေးတယ်လို့ ယူဆရင် ပြန်ရိုက်ပေးမယ်၊ ဗီဒီယိုတိတ်က နှမြောစရာမလိုဘူး၊ ဖလင်နဲ့ရိုက်သလို ခြွေတာနေစရာမလိုဘူး"

"ဟာ. . . ရတယ်၊ သူများက ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိတယ်၊ မော်နီတာကို ပြန်ကြည့်စရာမလိုဘူး၊ ဆရာက OK တယ်ဆိုရင် သူများလည်း OK ပဲ"

သူ့ကိုကြည့်ရင်း ကျားကြီးခေါ် ကျော်ဗလက ခပ်ကြွားကြွား ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒါဆိုဆက်ရိုက်မယ်၊ ညီလေးက စောစောကလို တျားကျားလျှားလျှားလည်း ကြိမ်းဝါးလိုက်ရော လူကြမ်းတွေက 'အောင်မာ မင်းကသေချင်လို့ ဒီအထိလိုက်လာတယ်ပေါ့'လို့ အံကြိတ်ပြီးပြောမယ်၊ အဲဒါကို ညီလေးက 'သေချင်လို့လိုက်လာတာ မဟုတ်ဘူး၊ သတ်ချင်လို့လိုက်လာတာ နားလည်လား'လို့ ခပ်တင်းတင်းပြန်ပြောမယ်၊ ရလား ဒိုင်ယာလော့(ခ်)လျှော့ပြောချင်သေးလား"

"ရပါတယ်ဆရာကလည်း သူများကို အရမ်းအထင်သေးတာပဲ၊ စာမျက်နှာ တစ်မျက်နှာစာရှိတဲ့ ဒိုင်ယာလော့(ခ်)ရှိရင် တောင် သူများက ဟောခနဲ၊ ဟောခနဲတောင် ပြောပြလိုက်ချင် သေးဘယ်"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကဲ ကဲ အားလုံး အားလုံး စမယ်၊ ဆက်ရိုက်ရအောင်"

လက်ခုပ်တီးကာအော်သော သူ့ကို သူမကတော့ မချိသွားဖြဲရယ်ပြသည်။ သူမခမျာ သူတင်သောရွှေမင်းသားကို ကြည့်ရင်း အတော်လေး အော်ဂလီဆန်နေပုံရလေသည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . . ညီလေးကျားကြီး၊ ညီလေးပြောရမှာက သေချင်လို့လိုက်လာတာမဟုတ်ဘူး၊ သတ်ချင်လို့လိုက်လာတာ နားလည် လား၊ အဲဒီလို ခပ်ထန်ထန်ပြောရမှာ OK လား"

"OK ပါတယ်ဆရာရဲ့၊ သူများက အခုကတည်းက ခပ်ထန်ထန်မှုဒ်ကို သွင်းထားပြီးသား"

သူတင်သောရွှေမင်းသားက ခပ်ရွဲ့ရွဲ့ပင်ဆိုသည်။

"ကဲ. . . ဒါဆိုရင် အားလုံးရယ်ဒီနော်၊ ဖိုက်. . . ဖိုး. . . သရီး. . . တူး. . . ဝမ်း. . . အက်ရှင်"

ရိုက်ကွင်းတစ်ခုလုံး တိတ်ဆိတ်ကာသွားသည်။ လူကြမ်း

www.burmeseclassic.com



ခေါင်းဆောင်က 'အောင်မာ. . . မင်းကသေချင်လို့ ဒီအထိလိုက်လာတယ်ပေါ့ ဟုတ်လား'ဟု ခပ်ကြမ်းကြမ်းဆိုသည်။

"ဟဲ့. . . သေချင်လို့လိုက်လာတာမဟုတ်ဘူး၊ သတ်ချင်လို့လိုက်လာတာဟဲ့ နားလည်လား"

ကျားကြီးက လက်သီးကို ကျစ်နေအောင်ဆုပ်၍ မျက်နှာကို တည်နေအောင်လုပ်ပြီးဆိုသည်။ 'ဒါလား ခပ်ထန်ထန်အမူအရာ'ဟုတွေးရင်း သူငိုချင်သွားရသည်။ ရှေတင်မှ လူတော်တော်များများကတော့ မျက်နှာကို တစ်ဖက်သို့လွှဲကာ တခွီးခွီးဖြင့် ခိုးရယ်နေကြပြီဖြစ်သည်။

"ကဒ်"

သူ အားမရှိအင်မရှိပင် ဆိုဖြစ်သည်။

"သူများ ကျားကျားလျားလျား သရုပ်ဆောင်လိုက်တာ အဆင်ပြေရဲ့လားဆရာ၊ သူများလေ လုံးဝမျက်နှာကိုတည်ပြီး တင်းပစ်တာသိလား"

"အင်း. . . ကောင်းပါတယ်၊ နှစ်ခါကို ပြန်ရိုက်စရာမလိုတာ၊ လုံးဝ ကျားကျားလျားလျားနဲ့ ဝါရင့်အတိုင်းပဲ၊ တကယ့်ပါရမီရှင်ပဲ"

"ဒါပဲလေ သူများကတော့ အဲဗား ကျားကျားလျားလျားပဲ တစ်ပြားမှမလျှော့ဘူး၊ ကျားကျားလျားလျား ဇာတ်ရုပ်တွေအားလုံးက သူများအတွက်ပဲဖြစ်ရမယ်၊ လုံးဝအငြိမ်ပဲ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ. . . သူများရဲ့၊ အဲလေ ကျားကြီးခေါ် ကျော်ဗလရဲ့၊ ကဲ နောက်ထပ်ဆက်သွားရအောင်၊ ဒီတစ်ခါက ဖိုက်တင်ခန်း ရိုက်မှာဆိုတော့ အရင်ရီဟာဇယ်လုပ်ကြည့်ရအောင်"

သူ လက်ခုပ်တီးရင်း ဆိုဖြစ်သည်။ လူကြမ်းအဖွဲ့က ပြုံးစိစိဖြင့် ရောက်လာကြရင်း 'ရယ်ဒီပဲဆရာ'ဟုဆိုသည်။

"ကဲ. . . ကဲ စောစောကလိုပေါ့၊ ညီလေးကျားကြီးက ကျားစိတ်ကျားမာန်အပြည့်နဲ့လည်း ကြိမ်းဝါးလိုက်ရာ အဲဒီမှာ လူကြမ်းတစ်ယောက်က ဝင်ထိုးမယ်၊ ညီလေးကျားကြီးက ဆတ်ခနဲ ရှောင်ပြီးတော့ ဖြောင်းခနဲ မျက်နှာကို လက်သီးနဲ့ထိုးမယ်၊ တစ်ယောက်မှောက်သွားတယ်၊ နောက်တစ်ယောက်က တုတ်နဲ့ ဝင်ရိုက်မယ်၊ ညီလေးကျားကြီးက ခပ်သွက်သွက်ရှောင်ပေးပြီး ဒူးနဲ့ ရင်ညွန့်ကို ခွပ်ခနဲဆောင့်တိုက်လိုက်မယ်၊ တစ်ယောက်မှောက်သွားပြန်ရော၊ အဲဒါလေးအရင် ရီဟာဇယ်လုပ်ကြည့်၊ အဲဒါပြီးမှ နောက်လူတွေနဲ့ ဆက်ချမယ်"

"ဟုတ်"

သူ့စကားအဆုံးမှာ ကျားကြီးက ဟုတ်ဟုဆိုသည်။ သူ လူကြမ်းအဖွဲ့နှင့် ကျားကြီးတို့ကို ကျောခိုင်းရင်း သစ်ပင်ရိပ်အောက်မှာရှိနေသော သူ့မဆီ လျှောက်သွားဖြစ်သည်။ သူ့မကတော့ ဖိုးစိစိကသာ ကျားကျားလျားလျားဟု ဆိုနေသော်လည်း လက်သီးဝင်ကျစ်အောင်မဆုပ်တတ်သော ကျော်ဗလခေါ် ကျားကြီးကို လှမ်းကြည့်

www.burmeseclassic.com



ကာနေသည်။

"အစ်ကိုကြီး"

"အေး. . . ပြော ညီလေး"

သူမ၏မောင်လေးကို သူပြန်ထူးဖြစ်သည်။

"ဖိုက်တင်ကားဆိုလို့ ဝမ်းသာအားရနဲ့လိုက်လာတာ၊ နောက်ရက်ဆိုရင် သားလိုက်မကြည့်တော့ဘူး၊ ပျင်းတယ်"

ချာတိတ်၏အဆိုကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။

"အစ်ကိုပြောသလိုပဲ ခုတ်ရာတခြား ရှရာတလွဲတော့ ဖြစ်ပြီ ထင်တယ်၊ ဖိုက်တင်ကားက ဟာသကားဖြစ်တော့မှာပဲ"

သူမက ပြုံးစိစိဖြင့်ဆိုသည်။

"ဘာကြောင့်ပေါက်ပေါက် ပေါက်သွားဖို့ပဲ အရေးကြီးပါ တယ်နှင်းရယ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အောင်မြင်စေချင်ပါတယ်"

သူ ခေါင်းကိုကုတ်ကာဆိုရင်း သက်ပြင်းကိုသာ ဟင်းခနဲ ချဖြစ်သည်။ လှမ်းကြည့်လိုက်တော့ တပည့်ကျော်ကြီး ကျော်ဗလခေါ် ကျားကြီး၏ဖိုက်တင်ကို ရီဟာဇယ်လေ့ကျင့်မှုက ဟာသဆန်နေသည် က အမှန်ပဲဖြစ်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com

ကျွားကြီး၏ ရှုတင်ငါးရက်မြောက်နေ့၊ အိမ်အပြန် လမ်းထိပ်မှာ Taxi ကို ရပ်ခိုင်းကာ လမ်းထိပ်မှနေ သူတို့လမ်းသွယ်ထဲကို လမ်းလျှောက်ရင်းဝင်ခဲ့ကြသည်။ ဇော်ထွန်းက အကင်းပါးပါးဖြင့် သူမ၏မောင်လေးကို ပခုံးဖက်ကာခေါ်ရင်း ရှေ့မှသွားနှင့်သည်။

"ညီမလေး ပင်ပန်းနေပြီလား"

"အာ. . . မပင်ပန်းပါဘူး၊ အစ်ကိုရဲ့ ဝါသနာပါတဲ့အလုပ်အတွက် အချိန်ပေးရတာကို ပင်ပန်းတယ်လို့ နှင်း မသတ်မှတ်ပါဘူး၊ အစ်ကိုကသာ နှင်းတို့မောင်နှမကို အမြဲခေါ်သွားနေရလို့ စိတ်ညစ် မသွားနဲ့ဦး"

သူမ၏ ခပ်ချွဲချွဲစကားက သူ့အတွက် အသည်းယားသွားစေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကတော့ အမှန်ပဲဖြစ်သည်။

"နှင်းကသာလိုက်ချင်ရင် အစ်ကိုက တစ်သက်လုံးခေါ်သွားမှာ စိတ်ချ၊ နောက်တော့မှ ဝါသနာမပါတော့ဘူးမလုပ်နဲ့"

သူ အရယ်တစ်ဝက်ဖြင့် ပြန်၍ဆိုဖြစ်သည်။ နှင်းကတော့ ပြုံးရုံပြုံးသည်။

"ဒါနဲ့ နှင်း မင်းသမီးလုပ်မှာကို အိမ်ကတော့ခွင့်ပြုပါရဲ့၊ နှင်းရဲ့ချစ်သူကရော ခွင့်ပြုရဲ့လား၊ တော်ကြာ ပြဿနာရှာနေဦးမယ် နော် ကြည့်လုပ်ဦး"

'ရည်းစားရှိလား'ဟု တိုက်ရိုက်မမေးဘဲ သွယ်ဝိုက်ကာမေးသော သူ့မေးခွန်းကို သူမက ရိပ်မိဟန်ဖြင့် ဆတ်ခနဲ သူ့ကိုလှမ်းကြည့်သည်။

"အဲဒီလိုတွေ ဇာတ်ရှုပ်မှာစိုးလို့ ရည်းစားကို တစ်ယောက်မှ မထားတာ၊ ထားမယ်ဆိုရင်တောင်မှ ကိုယ့်ဝါသနာကို အားပေးမဲ့ ဝါသနာတူထဲကပဲ နှင်းကရှာမှာ"

သူမ၏စကားအဆုံးမှာ ဝါသနာတူတဲ့လားဟု တွေးရင်း သူ့ရင်တွေ ဆတ်ခနဲ ဝုန်းဒိုင်းကြကာလာသည်။ လျှောက်လာကြရင်းက သူမအိမ်ရှေ့နားအရောက်. . .

"မနက်ဖြန် အစ်ကို့ကို နှင်းပေးစရာရှိတယ်သိလား၊ သွားပြီ နော်"

ဟုဆိုရင်း သူမ နှုတ်ဆက်ကာထွက်သွားသည်။ သူ့ရင်ထဲမှာ တော့ 'ဟာ'ခနဲ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



Girls are wont to say 'no' with their lips, but with their eyes they say yes.

မိန်းကလေးများသည် သူမတို့၏နှုတ်မှ ဟင့်အင်းဟု မပြောသော်လည်း သူမတို့၏မျက်လုံးများဖြင့် 'အင်း'ဟု ပြောတတ်ကြ၏။

Mexican Proverb

×××××

www.burmeseclassic.com

www.burmeseclassic.com

## ၆၁

## နပှားရေ ဒူးရေ

"ဆရာ. . . သူ့အပေါ်မှာ သံယောဇဉ်ရှိတာကိုတော့ သူလည်းရိပ်မိမှာပါ၊ တွေ့ကြတာမကြာသေးဘူးဆိုပေမယ့်လည်း အချစ်ဆိုတာက တွေ့ချိန်ကြာခြင်း မကြာခြင်းနဲ့မှ မဆိုင်တာ"

တပည့်ကျော်ကြီးကတော့ ထိုသို့ဆိုသည်။ ပြီး ဆရာ့ကို ဆရာပြန်လုပ်တာမဟုတ်ဘူးနော်ဟု ဆိုပြန်သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ သူ့ကို ငါချစ်နေပြီတွေ၊ မိုးလင်းလို့ မျက်စိနှစ်လုံးဖွင့်တာနဲ့ သူ့ကို တမ်းတနေမိတယ်တွေ၊ ညနေခင်း သူနဲ့နှုတ်ဆက်ပြီး ပြန်လာရင် ရင်မှာ 'ဟာ'ခနဲပဲ"

"ဒါဖြင့်လည်းဆရာရယ် အခြေအနေပေးတာနဲ့ ဖွင့်ပြောလိုက်ပေါ့"

ဇော်ထွန်းက အားပေးအားမြှောက်စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက ယုံယုံကြည်ကြည်နဲ့ အပ်ထားတာကို ငါက အခွင့်အရေးယူသလို ဖြစ်သွားမှာပေါ့၊ ပြီးတော့ မိန်းကလေး တစ်ယောက်ကို လွယ်လွယ်နဲ့ကြိုက်တတ်တဲ့ လူစားမျိုးလို့ ထင်သွားမှာ လည်း ကြောက်တယ်ကွ"

သူ့ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်ရင်း ဆိုဖြစ်သည်။

"ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်ဆိုတဲ့စကားလည်း ရှိနေတာပဲ ဆရာရယ်၊ ကျွန်တော်ထင်တာကတော့ သူ့ရုပ်သူ့ရည်လေးနဲ့ သေချာ ပေါက် မင်းသမီးကတော့ဖြစ်မှာပဲ၊ မင်းသမီးဖြစ်ပြီဆိုတာနဲ့ ပျားပိတုန်း တွေက တစ်လှေကြီးဝဲနေတော့မှာ"

"မင်းပြောချင်တာက စောစောစီးစီး လက်ဦးမှုရယူထား အဲဒီလိုလား"

သူ့အမေးကို ဇော်ထွန်းက နှုတ်မှမဖြေဘဲ ခေါင်းညိတ်ပြ သည်။

"အေးကွာ. . . ငါလည်း ငါ့ကိုယ်ငါ ဘယ်လောက်ကြာကြာ ထိန်းချုပ်နိုင်မှာမို့လဲ၊ တစ်ရက်ရက်မှာတော့ ငါဖွင့်ပြောမိမှာပါ။ ဒါပေမယ့် ဟင့်အင်းလို့ ငြင်းသွားမှာတော့ အကြောက်ဆုံးပဲ"

"အာ. . . ဆရာကလည်း စစ်မရောက်ခင် မြှားကုန်နေပြန် ပြီ၊ ဆရာပြောပြောနေကြ စကားပုံတစ်ခုရှိတယ်လေဆရာရဲ့၊ မိန်းက လေးတွေက နှုတ်ကသာ ဟင့်အင်းလို့ မပြောရင်သာရှိမယ်၊ မျက်လုံး ကတော့ အင်းလို့ပြောတတ်ကြတယ်ဆို"

တပည့်ကျော်၏စကားကို သူ ဘာကောက်ချက်မှမပေးဖြစ်။

"မနက်ဖြန်ရောက်ချင်ပြီကွာ၊ သူ့စောစောက ငါ့ကိုပြောသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မနက်ဖြန် ငါ့ကို ပေးစရာရှိတယ်တဲ့၊ ဘာများပေးမလို့လဲမသိဘူး"

လေပွေကိုမှတ်ထုတ်ရင်း သူဆိုဖြစ်သည်။ 'တစ်ခုခုတော့တစ်ခုခုပဲ'ဟု တပည့်ကျော်က ရေရွတ်သည်။ ပြီး. . .

"အတူသွား၊ အတူစားနဲ့ အနေနီးလာရင် သူလည်း ဆရာ့အပေါ်မှာ သံယောဇဉ်တော့ အနည်းနဲ့အများ ရှိလာမှာပါ၊ ဆရာ့လို ချပ်ဖြောင့်တဲ့ဝါသနာတူ ယောကျ်ားတစ်ယောက်က သူ့အတွက်တော့ စဉ်းစားစရာဖြစ်မှာပါဗျာ"

တစ်ခါမှ စကားအကောင်းမပြောဖူးသော တပည့်ကျော်က အခုကျတော့လည်း ရွေးချယ်ထားချင်စရာကောင်းလောက်အောင် စကားကောင်းတွေဆိုနေပြန်သည်။

"အဲဒါတွေထက် အရေးကြီးတာက ကျားကြီးက ဆရာနဲ့ပဲ နောက်ထပ်နှစ်ကားလောက် ရိုက်ချင်သေးတယ်လို့ပြောတယ်၊ စောစောပိုင်းကတော့ သူ ငါးကားဆက်တိုက်ရိုက်ဖို့ ဒါရိုက်တာ ငါးယောက်ရွေးထားတယ်လို့ ပြောတယ်၊ အခုတော့ သုံးကားဆက်တိုက် ဆရာနဲ့ပဲ ဆက်ရိုက်မယ်တဲ့၊ ဆရာက လူငယ်လည်းဖြစ် စိတ်လည်းရှည်တော့ ဆရာနဲ့လုပ်ရကိုင်ရတာ အဆင်ပြေတယ်လို့ ပြောတယ်"

ဇော်ထွန်း၏အဆိုကြောင့် 'ဒါဆို အလုပ်ရှိနေဦးမယ်ပေါ့'ဟု သူတွေးဖြစ်သည်။ 'အလုပ်ပြတ် ပြတ်နေသော ဒါရိုက်တာဘဝမှ အလုပ်မပြတ်သော ဒါရိုက်တာဘဝ ရောက်လာပြီပဲ'ဟု သူတွေးရင်း ဘာကြောင့် မချိရယ်ရယ်ဖြစ်သည်။ အလုပ်မပြတ်ရုံ ရိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com

## ၁၄ မြူးရင်အိုင်

မင်းသားကလည်း ဈေးကွက်မရှိသေးသော မင်းသားသစ်။ မင်းသားတောင်မှ သမားရိုးကျမင်းသားမဟုတ်။ ဈေးကွက်ဝင်မည်ဟု သေချာပေါက်မဆိုရဲသော မင်းသား။

"နောက်ပြီးတော့ ဆရာ့ကို ဝမ်းသာစရာ ကိစ္စတစ်ခုပြောပြရဦးမယ်၊ မင်းသမီးကြီး ဒေါ်ယမင်းနွယ်ရဲ့ တူမကလည်း အခု သူ့ငွေနဲ့သူ ကုမ္ပဏီထောင်ပြီး မင်းသမီးလုပ်မှာတဲ့၊ အဲဒါ သူ့အဒေါ်ရဲ့စကားနဲ့ ဆရာ့ရဲ့စိတ်ရှည်မှုရယ်၊ ဆရာ့ရဲ့ Idea ကောင်းတာတွေကို ကြားရလို့ ဆရာနဲ့တွေ့ချင်နေတယ်တဲ့၊ သူလည်း ကျားကြီးလိုပဲ ငါးကားလောက် ဆက်တိုက်ရိုက်မှာ၊ အဲဒါ ကျွန်တော်တို့ ရှူတင်နားတဲ့ရက်မှာ ချိန်းလိုက်မယ်နော် ဆရာ၊ ဪ နာမည်က သွယ်ကျော့ရှင်းတဲ့"

"အေး. . . ဒါနဲ့ နဖူးရေဒူးရေ ကြည့်ပြီးပြီလား"

သူ၏အမေးကို ဇော်ထွန်းက

"ကျွန်တော်လည်း မဆုံဖူးသေးဘူးဆရာ၊ ဒေါ်ယမင်းနွယ်ရဲ့တူမဆိုမှတော့ လှတပတလေးပဲဖြစ်မှာပါ၊ ကျွန်တော်လည်း သူနဲ့ နဖူးတွေ့ဒူးတွေ့ မဆုံဖူးသေးတော့ သူ့ရဲ့ နဖူးရေဒူးရေကို မမြင်ရသေးဘူး၊ ချိန်းတဲ့နေ့မှပဲ ဘယ်လိုပုံစံဆိုတာ တွေ့ရမှာ"ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"အေးပါကွာ၊ လုပ်သလိုမဖြစ်ရင်လည်း ဖြစ်သလိုလုပ်ကြတာပေါ့"

သူ ဇော်ထွန်းကို ရွှတ်နောက်နောက်ပြန်ပြောရင်း ရယ်မြစ်သည်။ ရယ်ပင်ရယ်နေသော်လည်း စိတ်ကတော့ မနက်ဖြန်ကိုအမြန်ရောက်ချင်နေသည်ကတော့ အမှန်ပဲဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"မမရေ. . . ကိုကြီးလာပြီ"

သူမ၏မောင်လေးက သူ့ကိုမြင်မြင်ချင်း အိမ်ဘက်သို့ သမင်လည်ပြန်လှည့်ကာ အော်ခေါ်သည်။ သူ သူမတို့အိမ်တံခါးဝဆီ ရင်ခုန်စွာလှမ်းအကြည့် အထုပ်တစ်ထုပ်ကိုဆွဲလျက် ထွက်လာသည်။

"လာ. . . ညီလေး အစ်ကိုတို့ လမ်းထိပ်ကို အရင်သွားပြီး Taxi ငှားနှင့်ရအောင်"

တပည့်ကျော်ကြီး ဇော်ထွန်းက အကင်းပါးပါးဖြင့် ချာတိတ်၏ပခုံးကို ဖက်ကာခေါ်သွားသည်။ ဘာရယ်မဟုတ် 'ဇော်ထွန်းတော့ အတော်တိုးတက်လာပြီ'ဟု သူတွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့"

ခြေလှမ်းဆယ်လှမ်းခန့် အတူလျှောက်ပြီး သူမ၏အိမ်နှင့် အတော်လေးလှမ်းတော့မှ သူမက လက်ထဲမှအထုပ်ကို သူ့ဆီကမ်းပေးသည်။

"ဘာကြီးလဲ"

အယောင်ယောင်အမှားမှားဖြင့် လှမ်းယူရင်း သူမေးဖြစ်သည်။

"ဖွင့်ကြည့်လိုက်လေ"

သူမက အိုးတိုးအန်းတန်းဖြင့် ပြန်၍ဆိုသည်။ သူဖွင့်ကြည့်လိုက်သောအခါ အထုပ်ထဲမှာ ခဲရောင်နှင့် အဖြူတီရှပ်နှစ်ထည်ကို တွေ့ရသည်။

"ဘာလို့ဝယ်ပေးတာလဲ နှင်းရဲ့၊ အားနာစရာကြီး"

အားတုံ့အားနာဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမက

"ဘာဖြစ်လို့ ဝယ်ပေးတာလဲဆိုတော့ ဝတ်စေချင်လို့ပေါ့၊ အားနာချင်နာရရင် နှင်းတို့ကအားနာရမှာ၊ အစ်ကိုက နှင်းတို့ကို နေ့တိုင်းခေါ်ခေါ်သွားနေရတာ၊ ပြီးတော့ Taxi တွေ ဘာတွေနဲ့ဆိုတော့ ငွေကုန်ကြေးကျလည်းများတယ်မဟုတ်လား"

"နောက်ဆိုရင်တော့ ဝယ်မပေးပါနဲ့ နှင်းရယ်၊ အစ်ကို အားနာတယ်"

သူခေါင်းကိုကုတ်ရင်း ဆိုသည့်စကားကြောင့် သူမက

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ မျက်စောင်းထိုးသည်။

"အားနာတယ် ဟုတ်လား၊ သူစိမ်းတွေကျနေတာပဲ"

စိတ်ဆိုးသွားဟန်ဖြင့်ဆိုရင်း ရှေ့မှ ဆတ်တောက်ဆတ်တောက် သွားနှင့်သော သူမ၏စကားကြောင့် သူရင်တွေ ကတုန်ကရင်ကြီး ဖြစ်သွားရသည်။

မည်သည့်အဓိပ္ပာယ်ကို ယူရမည်မသိ။ သူမဘက်က သဘောရိုးနှင့်ဆိုခြင်းလည်း ဖြစ်နိုင်သည်။ 'သူစိမ်းတွေ ကျနေတာပဲ' တဲ့လား။

ဘာကိုဘယ်လို နားလည်ရမှန်းမသိတော့။

xxxxx

www.burmeseclassic.com

www.burmeseclassic.com

## ၈

ရွှတင်ရောက်သည်အထိ ကားပေါ်မှာ တိတ်ဆိတ်ကာနေသည်။ သူ Taxi ခရှင်းပြီးချိန်မှာ သူမက သစ်ပင်တစ်ပင်၏ အရိပ်အောက် ရောက်နေပြီဖြစ်သည်။

"ကျေးဇူးပဲနော်"

ဖော်ထွန်းနှင့် သူမ၏မောင်လေးတို့ဆီ လှမ်းကြည့်နေသောသူမဆီကပ်ကာ ခပ်တိုးတိုးဆိုဖြစ်သည်။ သူမက စိတ်ကောက်နေသောဟန်ဖြင့် သူ့ကိုကြည့်သည်။

ပြီး. . .

"မဝတ်ဘဲလည်း မနေနဲ့နော်၊ ဆိုဒ်မရရင်ပြော၊ ဆိုင်ကို ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



မရရင်ပြန်လာလဲမယ်လို့ ပြောထားတယ်"

ဟု ဆိုသည်။

"အင်းပါ၊ အခုဝတ်ပြီး ဖွင့်ပွဲလုပ်လိုက်ရမလား"

"သဘောပဲ၊ တံဆိပ်ဖြုတ်ဖို့တော့ မမေ့နဲ့ပေါ့"

ပြုံးစိစိဖြင့်ဆိုသော သူမ၏စကားကြောင့် အင်္ကျီတံဆိပ်ကို မဖြုတ်မိပါဘဲ ဝတ်ခဲ့မိသော သူမနှင့် ပထမဆုံး ရှုတင်အတူလာသည့်နေ့ကို သွားသတိရမိသည်။

'ဟက်'ခနဲရယ်သော သူမနှင့်အတူ သူပါ ရှက်အမ်းအမ်းဖြင့် လိုက်ရယ်ဖြစ်သည်။ သူမက ရယ်မောခြင်းကို အရှိန်သတ်ရင်း

"ဟိုမှာ အစ်ကိုရဲ့တပည့်ကျော် ကျားကြီးလာပြီ"ဟု ဆိုသည်။

သူမပြရာ လှမ်းကြည့်လိုက်တော့ 'ကျားကျားလျားလျား'ဟု သူကိုယ်သူ အမြဲကြွေးကြော်နေသော ကျားကြီးခေါ် ကျော်ဗလက ပန်းနုရောင် အမျိုးအမည်မသိ ကားကိုစီးကာ ရှုတင်ခြံထဲသို့ ဝင်လာသည်ကို တွေ့ရသည်။

"ကဲ. . . လူစုံတော့မယ်၊ အစ်ကို လုပ်စရာရှိတာလေးတွေ ခိုင်းလိုက်ဦးမယ်နော်၊ ညီမ အေးဆေးနေလိုက်ဦး"

သူ့စကားကို သူမက ခေါင်းညိတ်ပြရင်း 'ဟုတ်'ဟုဆိုသည်။

ဘာရယ်တော့မဟုတ် ဒီနေ့ သူ ထူးထူးခြားခြား တက်ကြွနေသည်ကတော့ အမှန်ပဲဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာပဲဆရာရေ"

ခေါင်းကိုကုတ်ရင်း ရောက်လာသော ဇော်ထွန်းကို. . .

"ဘာလဲကွ၊ ဘာပြဿနာလဲ"

ဟု သူမေးဖြစ်သည်။

"ကျားကြီးရဲ့ ညီမအဖြစ်နဲ့သရုပ်ဆောင်မဲ့ မင်းသမီးမှုယာ က ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံမှာရောက်နေတယ်တဲ့ဆရာ"

"ဒဏ်ရာရသွားသေးလား"

ဇော်ထွန်းကို သူ ခပ်သွက်သွက်မေးဖြစ်သည်။

"ခြေထောက်ကျိုးလို့ ကျောက်ပတ်တီးစည်းရမယ်ပြောတယ်"

"သွားပြီ. . . ကျောက်ပတ်တီးဆိုရင် အနည်းဆုံး ၄၅ ရက်



www.burmeseclassic.com

www.burmeseclassic.com



နားရမှာ”

သူ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ဖြစ်သည်။ သတင်းက ရှုတင်တစ်ခုလုံးကို ပျံ့နှံ့သွားသည်မို့ ကျားကြီးက လိမ်ကျစ်လိမ်ကျစ်နှင့် ရောက်ချလာသည်။

“အဲဒါကြောင့်နဲ့တူတယ် သူများ မနက်ကတည်းက မျက်ခုံးတွေရော၊ အောက်မျက်ခမ်းတွေကော ဆတ်ဆတ် ဆတ်ဆတ်နဲ့ လှုပ်နေတာလေ၊ သူများက ကျားကျားလျားလျားနဲ့ ဘာမှမဖြစ်ပါဘူး၊ မယုံကြည်ဘူးဆိုပြီးတော့ နမော်နမဲ့နေမိတာ၊ မနက်ကတည်းက လှုပ်တဲ့နေရာကို တံတွေးလေး ဆွတ်မိလိုက်ရင်ကောင်းသား”

လက်ဟန်ခြေဟန်အပြည့်ဖြင့် ကျားကြီးက ရင်ဖွင့်သည်။

“ညီလေးကျားကြီး ဖုန်းခဏငှားပါကွာ”

“ဟုတ်. . . ဆရာ”

ကျားကျားလျားလျားဟု အမြဲကြွေးကြော်သော ကျားကြီးက သူ့ဘောင်းဘီအိတ်ကပ်ထဲမှ ပန်းရောင်ဖျော့ဖျော့ဖုန်းကို နှိုက်ကာ သူ့ဆီလှမ်းပေးသည်။ ကားပန်းရောင်၊ တီရှပ်ပန်းရောင်၊ ဖုန်းဟမ်းဆက်က ပန်းရောင်တို့ဖြင့် ကျားလျားချင်တိုင်း ကျားလျားနေသော ကျားကြီး၏ဖုန်းဖြင့် သူ မင်းသမီးတော်တော်များများကို လှမ်းချိတ်ဖြစ်သည်။

“ခင်ဗျာ. . . နောက်လထဲ ရိုက်ရက်က ဆက်တိုက်ပဲ ဟုတ်လား ဩော်. . . ဟုတ်ကဲ့ပါခင်ဗျ၊ ဟုတ်ကဲ့”

သူဖုန်းကိုပိတ်ရင်း သက်ပြင်းကို ဟင်းခနဲ ချမိသည်။

ဖုန်းလေးတစ်လုံးပင် မဝယ်နိုင်သေးသော နာမည်ရ

www.burmeseclassic.com

www.burmeseclassic.com



မင်းသား၊ မင်းသမီးတစ်ယောက်နှင့်မှ မရင်းနှီးသော၊ ပြဿနာများနှင့်သာ အမြဲလိုလိုလုံးထွေးနေရသော ကိုယ့်ကိုယ်ကို အတော်ကြီး စိတ်ပျက်သွားမိသည်။

"ဘယ်မင်းသမီးမှ ချိတ်လို့မရဘူးလားဟင်၊ သူများတော့ ဒုက္ခပါပဲ"

အရေးထဲ ကျားကျားလျားလျား ကိုရွှေကျားကြီးက ကတုန်ကယင်ဖြင့် ပူစပ်ပူလောင်လုပ်ပြနေသည်မို့ အာရုံက နောက်ကာလာသည်။

"မင်းသမီးတော်တော်များများက ရိုက်ရက်တွေ တောက်လျှောက်ရှိနေကြတာလေ၊ ဇာတ်ကားတစ်ကားနဲ့တစ်ကားမှာ ဟထားတဲ့ နှစ်ရက်သုံးရက်ကလည်း ကြော်ငြာတွေ၊ ဗွီစီဒီတွေအတွက် ရိုက်ရက်ပေးလိုက်ပြီးပြီတဲ့"

သူ သက်ပြင်းချရင်းဆိုဖြစ်သည်။

"ဒါဆိုရင် သူများကတော့ တန်းလန်းကြီးနဲ့ ဂွမ်းပြီပေါ့၊ သရုပ်ဆောင်လောကကလည်း ဒီလောက်ပဲ မင်းသမီးရှားရလားလို့"

ကျားကြီးက မျက်နှာကြီးရှုံ့မဲ့ကာထားရင်း ဘယ်လက်ဝါးပေါ် ညာဘက်လက်ဖမိုးဖြင့် တဖြန်းဖြန်းရိုက်ရင်း ကျားကျားလျားလျားပင်ဆိုသည်။

"ဆရာ. . . ဒီအခြေအနေရောက်နေမှတော့ ကျွန်တော်တို့ နှင်းရတီကျော်ကို သုံးကြည့်ကြမလား"

ထူပူနေသော သူ့ကို ဇော်ထွန်းက ရုတ်တရက် လက်ဖျစ်တီး

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဆိုသည်။

"ဟုတ်သားပဲ"

သူ ရုတ်တရက် ဝမ်းသာအားရပင် ရေရွတ်ဖြစ်သည်။ ကျားကြီးကတော့ သူ့ကိုတစ်လှည့် ဇော်ထွန်းကိုတစ်လှည့် နားမလည် သလို ကြည့်သည်။

"ညီလေး ကျားကြီး"

"ဟုတ်"

"ဒီအခြေအနေရောက်မှတော့ မထူးတော့ဘူး၊ အစ်ကိုနဲ့ အတူပါလာတဲ့ ကောင်မလေးက ဝါသနာရော ရုပ်ရည်ကောရှိတယ်၊ သူ့ကို camera test လုပ်ရင်း ရိုဟာဇယ်လုပ်ခိုင်းကြည့်ရအောင်၊ အဆင်ပြေရင် ညီလေးသုံးရဲလား၊ ဒီအတိုင်းဆိုရင် မင်းသမီးဝိတ်မပါ ဘဲ ရိုက်ရမှာဆိုတော့"

သူ့စကားအဆုံးမှာ ကျားကြီးက သူ့မဆီ ဖျတ်ခနဲလှမ်းကြည့် သည်။ ပြီး ခေါင်းကိုဆတ်ခနဲမော့ကာ. . .

"အို. . . သူများက တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်ဆိုတဲ့ ကျော်ဗလပါ၊ သူ့ဘက်ကသာ OK ရင် ကျော်ဗလတို့ဘက်က Wel- come ပဲ၊ သူများက စွန့်စားဖို့ အမြဲရဲရင့်နေတာပါနော်၊ ဘာမင်းသမီး ဝိတ်မှမပါချင်နေ ကျားကြီးတို့က ကိုယ့်ကိုယ်ကို ယုံကြည်မှုအမြဲရှိပါ တယ်ဆရာ"

ဟု ဆိုသည်။

"OK ကြိုက်သွားပြီ၊ တဲ တဲ ရိုဟာဇယ်လုပ်ကြည့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ ဝမ်းသာအားရပင်ဆိုရင်း သူမဘက်ကို ကြည့်ကာ ဘယ်လိုလဲဟု မျက်ခုံးပင့်ပြဖြစ်သည်။ သူမက နှုတ်ခမ်းကိုတင်းတင်း စေ့ကာ ခေါင်းညိတ်ပြသည်။

ပြီးပြီပေါ့ဟု သူတွေးဖြစ်သည်။ ရီဟာဇယ်မှာ OK သွားပါက သိပ်မဝေးသော ပလာဇာတစ်ခုခုမှာ အဝတ်အစားပြေးဝယ်လိုက်ရုံသာ ။ သူမကို လူကြမ်းများက ဓားစာခံအဖြစ် ခေါ်ထားသည်ကို အစ်ကိုဖြစ်သူက လာကယ်သည့်အခန်း။

"ကဲ. . . ညီမလေးက အစ်ကိုကိုမြင်တာနဲ့ အစ်ကို ညီမကို ကယ်ပါဦးလို့ ရှုန်းကန်ရင်းက ငိုယိုပြီး လှမ်းအော်မယ်၊ အဲဒါလေး အရင်ရိုက်မယ်၊ ကဲ. . . အားလုံးရယ်ဒီလား"

"ရယ်ဒီပါ"

သူ့အသံအဆုံးမှာ လူကြမ်းများကရော စက်အဖွဲ့ကပါ ရယ်ဒီပါဟု ပြန်၍ဆိုသည်။ သူ သူမကို သေသေချာချာလုပ်ဟူသော သဘောဖြင့် ခေါင်းကို တစ်ချက်ညိတ်ပြဖြစ်သည်။ ပြီး. . .

"အားလုံးရယ်ဒီဆိုရင် စမယ်၊ ဖိုက်. . . ဖိုး. . . သရီး. . . တူး. . . ဝမ်း အက်ရှင်"ဟု အော်ပေးဖြစ်သည်။

လူကြမ်းများက လက်ပြန်ကြိုးချည်ထားသော သူမကို ခပ်ကြမ်းကြမ်းဆွဲကာထားသည်။ ဆံပင်များရှုပ်ပွကာ ဖွတ်အတင်း ရုန်းကန်ငိုယိုနေသော သူမက အစ်ကိုဖြစ်သူ ကျားကြီးကို မြင်သည်နှင့်. . .

"အစ်ကို ညီမလေးကိုကယ်ပါဦး"

ဟု ဆိုနင့်တုန်ရီစွာ လှမ်း၍အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဒ်"

သူ ကဒ်ဟုဆိုအပြီးမှာ လက်ခုပ်သံတွေ ဆူညံကာသွားသည်။ သူ့အထင် သူ့လက်ခုပ်သံက အကျယ်ဆုံးဖြစ်မယားမသိ။

သူမက အဆင်ပြေလားအစ်ကိုဟု မဝံ့မရဲဟန်ဖြင့် ဆိုသည်။

"မပြေနိုင်ဘူး"

ခပ်တည်တည်ဖြင့် ခေါင်းခါရင်းဆိုသော သူ့စကားကြောင့် သူမက 'ရှင်'ဟု ရေရွတ်ရင်း မျက်စိမျက်နှာပျက် ဖြစ်ကာသွားသည်။

"ဒီကားရဲ့ ဒီဇာတ်ကောင်နေရာမှာ ညီမကလွဲရင် တခြားလူဆို အဆင်မပြေနိုင်ဘူးလို့ပြောတာ၊ ညီမ အရမ်းတော်တယ်ကွာ၊ အတည်ပြောတာ"

သူ့စကားအဆုံးမှာ သူမက

"ဟာ. . . အစ်ကိုကလည်း စကားကို ရှင်းအောင်မပြောဘူး၊ ညီမဖြင့် လန့်သွားလို့ နှလုံးခုန်တောင်ရပ်သွားပြီထင်နေတာ"

"ဟုတ်ပဆရာရယ်. . . သူများတောင်မှ ဒီလောက်သရုပ်ဆောင်ကောင်းတာကို ဘာဖြစ်လို့ ခေါင်းခါတာလဲလို့ တွေးပြီး ရင်တုန်သွားတယ်၊ တကယ်ပဲ"

ကျားကြီးက ရင်ဘတ်ဖိရင်းဆိုသည်မို့ အားလုံးရယ်ဖြစ်ကြသည်။

"ကဲ. . . ဒီလိုဆိုရင် ညီမလေးဒီလိုလုပ်၊ ဒီနားနီးနီးနားနားပလာဇာတစ်ခုခုမှာ လုံလုံခြုံခြုံနဲ့ ခေတ်မီတဲ့အဝတ်သုံးစုံလောက် သွားဝယ်ခဲ့၊ ဒီနေ့ရိုက်တဲ့အခန်းတွေမှာ အဝတ်အစားသိပ်လဲစရာမလိုဘူး အစ်ကိုတို့က ဒီကနေ ပြင်စရာရှိတာပြင်ထားလိုက်မယ်၊ ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်”

သူမက ‘ဟုတ်’ဟုခေါင်းညိတ်ရင်း သူမ၏မောင်လေးကို ‘လာ’ဟု လက်ပြကာခေါ်သည်။ သူ ဇော်ထွန်းကိုလှမ်းခေါ်ပြီး ‘အဝတ်ဝယ်ဖို့ ငွေထည့်ပေးလိုက်ဦး’ဟု ဆိုဖြစ်သည်။ သူ့စကားကို သူမက ကြားသွားသည်ထင့်. . .

“ညီမမှာ အလုံအလောက်ပါပါတယ် အစ်ကိုရဲ့”

ဟုဆိုသည်။ ပြီး ‘သွားပြီနော်’ဟုဆိုကာ ဘေးလွယ်အိတ်ကို လွယ်လျက် ထွက်ကာသွားသည်။

“ပါရမီရှိတယ်နော် ဆရာ၊ မထင်ရဘူး”

သူမကို လိုက်ကြည့်နေသော သူ့ကို ဇော်ထွန်းက ခပ်တိုးတိုး ကပ်၍ဆိုသည်။ သူ ခေါင်းညိတ်ကာ ထောက်ခံဖြစ်သည်။

အသစ်တစ်ယောက်ဟုပင် မထင်ရဘဲ ပီပီပြင်ပြင်လုပ်သွားသော သူမကို သူ စိတ်ထဲမှနေ ချီးကျူးမိသည်။ အရိပ်ပြတော့ အကောင်ထင်ဆိုသလို လုပ်ကွက်လေးတစ်ကွက်မှာ သရုပ်ဆောင်လိုက်ရုံနှင့် သူမ မည်မျှလုပ်နိုင်သည်ကို သူကောင်းကောင်းခန့်မှန်းမိသည်။

ဤကိစ္စကိုသာ သူမ၏မိဘများသိလျှင် မည်မျှဝမ်းသာမည်မသိ။ ‘ဖုန်းတော့ဝယ်မှဖြစ်မယ်’ဟု သူတွေးမိသည်။ ဖုန်းတစ်လုံးသည် ယနေ့ကဲ့သို့ ရှုပ်ထွေးသောနေ့မျိုးမှာ မရှိမဖြစ်လိုအပ်သည်ဟု တွေးမိသည်။ တပည့်ကျော်ကြီးနှင့် တိုင်ပင်ကာ ဖုန်းတစ်လုံးတော့ မြစ်ချိုပြီးဝယ်ရမည်ဟု စိတ်မှာတေးဖြစ်သည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက် ကျားကြီး၏ဇာတ်ကားတစ်ကားလုံးမှာ အဆင်ပြေပြေ သရုပ်ဆောင်၍ ပြီးသွားခဲ့သည်။ ကျားကြီးနှင့် သူမ အကျိုးပေးသည်ဟု ဆိုရမည်။ မင်းသမီးမှုယာ၏နေရာတွင် ဝင်ရိုက်ရင်း သူမ၏အနုပညာတို့ကို ထုတ်ပြခွင့်ရကာသွားသလို သူမ၏ သရုပ်ဆောင်ကောင်းမှု၊ ရုပ်ရည်လှပမှုသတင်းကလည်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် နာမည်ကြီးဒါရိုက်တာတို့၏ နားသို့ ရောက်ရှိသွားခဲ့သည်။

သူတင်ပေးသော မင်းသမီးလိုဖြစ်သည်မို့ ဒါရိုက်တာကြီးများ၊ ပရိုဂျူဆာများက သူမကို သူ့ထံမှတစ်ဆင့် ဆက်သွယ်လာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျားကြီးကောင်းမှု အကြောင်းပြုကာ သူခြစ်ချုပ်ကာငွေစုပြီး ဖုန်းတစ်လုံးဝယ်နိုင်ခဲ့သလို သူမသည်လည်း သူမ၏မိဘများကောင်းမှု အကြောင်းပြုကာ ဖုန်းတစ်လုံးရှိနေပြီဖြစ်သည်။ ထို့ကြောင့် သူမနှင့် သူ၏အကြား Massage များ အပြန်အလှန်ပေးပို့ကြရင်း ရံဖန်ရံခါ ဖုန်းပြောကြရင်းဖြင့် အလုပ်ကိစ္စအကြောင်းတော့ ပြောဖြစ်ကြသည်။ ဘယ်ဒါရိုက်တာ၏ ဇာတ်ကတော့ သူမအတွက် လုပ်ကွက်မရှိကြောင်း၊ ဘယ်ဇာတ်ကားကိုမူ ငြင်းသင့်ကြောင်း စသည်ဖြင့် သူရှင်းပြဖြစ်သလို သူမကလည်း အကြံဉာဏ်များကို တောင်းတတ်သည်။ ပြီး အပြန်အလှန် Message တွေလည်း ပို့ဖြစ်ကြသည်။ ဒီနေ့ ဆက်သွယ်လာသော ဒါရိုက်တာကမူ ပရိုဂျူဆာဒါရိုက်တာမို့ ဇာတ်ဆောင်များကို သူ့စိတ်တိုင်းကျ ရွေးချယ်လေ့ရှိသလို သူစိတ်ကူးပေါက်လျှင်ပေါက်သလို အသစ်တွေကို တင်ရိုက်တတ်သူဖြစ်သည်။

၎င်း၏ဇာတ်လမ်းမှာ 'နှင်းရတီကျော်'အနေဖြင့် နာမည်ရမင်းသမီးတစ်လက်နှင့် ပြိုင်သရုပ်ဆောင်ရမည်ဖြစ်ပြီး လုပ်ကွက်လည်းရှိသောဇာတ်မို့ သူ သူမကိုရှင်းပြရန် ဖုန်းခေါ်ဖြစ်သည်။ Ring သုံးခါခန့်မြည်အပြီးမှာ သူမက 'ဟဲလို. . . ဟဲလို'ဟု ထူးသည်။

"ညီမလေးရေ. . . အစ်ကိုတို့ ကြုံရာကျပန်းကားတွေကို မရိုက်ဘဲနဲ့ ငြင်းခဲ့သမျှ ဒီနေ့တော့ ကံက ကိုယ့်ဘက်ပါလာပြီ၊ ဒီနေ့လေ"

xxxx



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြစ်ကြောင်းကုန်စင်ကို ပြောပြဖြစ်သည်။

"အစပိုင်းကတော့လေ နှင်းက အစ်ကိုနဲ့တိုင်ပင်ပြီး လုပ်ကွက်မရှိတဲ့ဇာတ်ကားတွေ မရိုက်ဘူးလို့ငြင်းလိုက်လို့ ဒီဘဝမှာ နှင်းကိုခေါ်ရိုက်မယ့်လူ ရှိမှရှိပါ့မလားလို့ စိတ်ပူနေတာ၊ အစ်ကိုပဲ စဉ်းစားကြည့်လေ၊ ကိုကျားကြီးနဲ့ရိုက်တဲ့ တစ်ကားတည်းသော အတွေ့ အကြုံပဲ ညီမမှာရှိတာ၊ ပြီးတော့ အဲဒီကားကလည်း ထွက်သေးတာ လည်းမဟုတ်ဘူး၊ ဒီလို အသစ်စက်စက်သရုပ်ဆောင်ကို ဒီလိုမျိုး သုံးကြလိမ့်မယ်လို့တောင်မထင်ဘူး သိလား"

သူမက ဝမ်းသာအားရဖြင့် ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၀၀ မြန်မာ့အိုး ●●●.......

"အစ်ကိုက အစောကြီးကတည်းက ညီမမှာ သရုပ်ဆောင် ပါရမီရှိတာကိုသိပြီးသားပါ၊ အစ်ကိုက လာဌားတဲ့ဇာတ်ကားတိုင်းရိုက် ပြီး ငွေရပေမယ့် ပရိသတ်ရင်ထဲမှာ မကျန်ခဲ့မှာမျိုးကို မလိုချင်ဘူး၊ အဲဒါကြောင့် အစ်ကိုလည်း ရင်တထိတ်ထိတ်နဲ့ ငြင်းခိုင်းခဲ့ရတာ၊ နောက်ဆုံး ဘယ်သူမှမငှားရင်လည်း ကျားကြီးနဲ့တိုင်ပင်ပြီး နောက် ကားတွေမှာ ခေါင်းဆောင်မင်းသမီးတင်ရိုက်မလို့ တွေးထားပြီးသား၊ အခုလို နာမည်ရှိဒါရိုက်တာတစ်ယောက်နဲ့ ရိုက်ရတော့ ပိုအဆင်ပြေ သွားတာပေါ့၊ ပြီးတော့ နှင်းနဲ့ရိုက်မယ့် သရုပ်ဆောင်တွေကလည်း နာမည်ရှိပြီးသားလူတွေများတယ်၊ ဒါ နှင်းအတွက် လုံးဝအမြတ်ပဲ"

သူ ရှည်လျားစွာ ရှင်းပြနေသည်ကို သူမက စိတ်လိုလက်ရ နားထောင်ကာနေသည်။ သူ့စကားအဆုံးမှာတော့ သူမက

"ဒါရိုက်တာကြီးတွေ နာမည်ရသရုပ်ဆောင်တွေနဲ့ ရိုက်ရ မယ်ဆိုလို့ ဝမ်းတော့သာပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် ဖြစ်နိုင်ရင် တော့ နှင်းလေ အစ်ကိုနဲ့ပဲရိုက်ချင်တယ်"

ဟု ခပ်ချွဲချွဲဆိုသည်။

ဘာရယ်တော့မဟုတ် သူ့စိတ်ထဲမှာ နင်တင်တင်ကြီး ဆို့နေ ခဲ့သည်ကတော့ အမှန်ပဲဖြစ်သည်။ သူလည်း သူမနှင့် ဇာတ်ကားများ စွာကို အတူလက်တွဲပြီး ရိုက်ကူးချင်ပါသည်။ သို့သော် လက်ရှိသူ့အခြေ အထားက ကျားကြီးနှင့်သာ နှစ်ပါးသွားနေရဦးမည့် သဘောရှိသည်။

"အစ်ကိုလည်း နှင်းနဲ့ပဲရိုက်ချင်တာပေါ့နှင်းရယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ရဲ့ လက်ရှိအနေအထားက ပရိုဂျူဆာတွေ ဝိုင်းနေတဲ့ နာမည်ရ ဒါရိုက်တာတစ်ယောက် မဟုတ်သေးဘူးလေ၊ ဒီတော့ အစ်ကို့ဆီမှာ နာမည်ကြီး မင်းသားမင်းသမီးနဲ့ ရိုက်စရာအကြောင်းလည်း မရှိသေးဘူးပေါ့၊ နှင်းလည်း အခုဒါရိုက်တာနဲ့ရိုက်လို့ နာမည်တွေ ကြီးသထက် ကြီးသွားတော့မှ နောင်ကို ဒါရိုက်တာလင်းသူရဆိုတဲ့ အစ်ကိုနဲ့မရိုက်ချင်ဘူး မလုပ်နဲ့"

"အာ. . . အစ်ကိုနော်၊ ညီမက အဲဒီလိုလူစားမျိုးမဟုတ်ဘူး"

သူ၏စကားကို သူမက ချက်ချင်း ပြာပြာသလဲငြင်းသည်။ ပြီး. . .

"အစ်ကို နှင်းကိုမယုံဘူးလား"

ဟု ခပ်ပြတ်ပြတ်မေးသည်မို့ 'ယုံပါတယ်နှင်းရယ် အစ်ကိုက နောက်တာပါ'ဟု ဆိုဖြစ်သည်။ သူမကတော့ 'နောက်စရာလား'ဟု ပြန်ပက်သည်။

"ကဲပါကွာ. . . ဂွတ်နိုက်နော်၊ နှင်း အိပ်တော့နော်"

"အင်း. . . အစ်ကိုလည်းအိပ်တော့နော်၊ ဂွတ်နိုက်"

ပြန်နှုတ်ဆက်ပြီး သူမဘက်က ဖုန်းချသွားသော်လည်း သူ ဖုန်းကို နားတွင်ကပ်ထားမိနေဆဲ။ သူ့အထင် ဖုန်းထဲတွင် သူမ၏ စကားတို့ ရှိနေသေးသလို ခံစားနေရသည်။

xxxx

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို. . . Good Morning နော်"

မနက်စောစောစီးစီး ရောက်လာသော Message ကိုဖွင့်ကြည့်တော့ သူ့မထံမှဖြစ်ကာနေသည်။ ဘာရယ်မဟုတ် သူကြည်နူးသွားမိသည်ကတော့ အမှန်။

"ညီမလေးလည်း Good Morning နော်"

သူ Message ကို ခပ်သွက်သွက်ပြန်ရိုက်ထည့်ဖြစ်သည်။ သိပ်မကြာလိုက် သူမထံမှ Message ပြန်ရောက်ကာလာသည်။

"Thank you နော်အစ်ကို"ဟူ၍။

တကယ်တော့ သူဖုန်းဝယ်ပြီး သိပ်မကြာခင်မှာပင် သူမ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖုန်းဝယ်ခဲ့ခြင်းဖြစ်သည်။

သူကစပြီး Message ပို့ခဲ့ပြီးနောက်ပိုင်း သူမကစပို့လိုက် သူကပြန်ပို့လိုက် အပြန်အလှန်အားဖြင့် တစ်ခါတစ်ခါကျပြန်တော့လည်း သူကစပို့လိုက် သူမကပြန်ပို့လိုက်ဖြင့် ကြည်နူးစရာတွေရှိနေခဲ့တာတော့ အမှန်ပဲဖြစ်သည်။

နှုတ်တစ်ရာ စာတစ်လုံးဆိုသလို ဖုန်းဖြင့်ပြောဆိုရခြင်းထက် Message ပို့ရခြင်းက ပို၍ပျော်ရွှင်စရာကောင်းသည်ကတော့ အမှန်ပဲဖြစ်သည်။

မျက်နှာမသစ်ခင် သူမပို့ခဲ့သော Message များကို ပြန်ဖွင့်၍ ဖတ်ရခြင်းကလည်း မနက်ခင်းများ လှပနေမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဘာရယ်မဟုတ် သူမဝယ်ပေးထားသော တီရှပ်နှစ်ထည်ဆီကိုလည်း မနက်တိုင်း လှမ်းကြည့်ဖြစ်သည်မှာ အစဉ်အလာလို ဖြစ်နေပြီဖြစ်သည်။

ဟောင်းနွမ်းသွားမည်စိုးသည်မို့ မကြာခဏ မဝတ်ဖြစ်သောတီရှပ်နှစ်ထည်သည် သူမပေးခဲ့စဉ်ကနီးပါး သစ်လွင်နေဆဲ။ တောက်ပနေဆဲ။

ဒီနေ့တော့ သူ ရှုတင်နားသည်မို့ အိပ်ရာမှ မထဖြစ်သေးပဲ တောင်တွေးမြောက်တွေး တွေးနေဖြစ်သည်။ ကျားကြီးရှိုဝ်သောအက်ရှင်ကားက ဟာသကားအဖြစ် တစ်ဆစ်ချိုးတွားပြောင်းသွား

www.burmeseclassic.com

www.burmeseclassic.com

## မြရင့်အောင်

သည့် အကြောင်းကလည်း ဗွီဒီယိုလောကမှာ စိတ်ဝင်စားဖွယ် သတင်းတစ်ရပ်ဖြစ်ကာနေသည်။ ရေစက်မကုန်သေးသော တပည့်ကျော် ကျားကြီးနှင့် နောက်ထပ်နှစ်ကားရိုက်ရန် စရန်ယူထားပြီးဖြစ်သည်။ သူမနှင့် ဖုန်းပြောစဉ်ပဲဖြစ်ဖြစ်၊ Message အပြန်အလှန် ပို့လျှင်ပဲဖြစ်ဖြစ် သူ့ကျားကြီးကို ကျေးဇူးတင်မိသည်ကတော့ အမှန်ပဲ ဖြစ်သည်။ ၎င်း၏ကျေးဇူးကြောင့်သာ သူဖုန်းဝယ်နိုင်ခဲ့သည်ကိုး။

×××××

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးနှင့် ဒုတိယကားရိုက်ရန် ပြင်ဆင်နေသော ရှုတင်မရှိသည့်ရက်မို့ တပည့်ကျော်ကြီးက မြန်မာနိုင်ငံ၏ နံပါတ်တစ်မင်းသမီးကြီးဖြစ်သော ဒေါ်ယမင်းနွယ်၏တူမဆိုသူကို ချိန်းလိုက်မည်ဟု ဆိုထားသည်။

ကျားကြီးလို ကမောက်ကမသရုပ်ဆောင်ကို ရှာရှာဖွေဖွေ တွေ့ရှိလာခဲ့သော ဇော်ထွန်းသည် ယခုလည်း မည်ကဲ့သို့သောပုံစံရှိမည်မသိသော သရုပ်ဆောင်ဝါသနာအိုးကို ခေါ်လာဦးမည်မသိ။

နာရီကိုကြည့်လိုက်တော့ ဆယ်နာရီခွဲအတိ။ ဒီအချိန်လောက်ဆို သူမစရိုက်မည့်ဇာတ်ကားအတွက် ကန်တော့ပွဲပေးပြီးလောက်ပြီဟု တွေးမိလိုက်သည်။ အတိတ်ကံက အကျိုးပေးလာသော

www.burmeseclassic.com

www.burmeseclassic.com



အခါ မထင်မှတ်ဘဲ သူမပင်လျှင် သရုပ်ဆောင်လမ်းကြောင်းပေါ် ရောက်ရှိလာပြီဖြစ်သည်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကတော့ သူမ၏ ကံဉာဏ် ဝီရိယနှင့်သာဆိုင်မည်။ 'အောင်မြင်ပါစေ နှင်းရယ်' ဟု သူကြိတ်၍ဆုတောင်းမိသည်။

"ဆရာ ညှို့သည်"

အိမ်ပေါက်ဝမှနေဆိုသော ဇော်ထွန်း၏အသံကြောင့် သူ့အတွေးစတို့ ပြတ်ကာသွားသည်။ ညှို့သည်က တစ်ယောက်တည်း ဖြစ်သည်။ ပရိသတ်များချစ်ကြသော သရုပ်ဆောင်ပွင့်ထက်ပင် အနည်းငယ်ပိုဝနေသော ကောင်မလေးတစ်ယောက်။

"ဩော်. . . လာ ညီမ"

လူကသာ ဝနေသော်လည်း အသက်ငယ်ဦးမည့်ပုံစံရှိသည် မို့ သူ 'ညီမ'ဟု ခေါ်ဝေါ်သုံးနှုန်းဖြစ်သည်။

"သွယ်. . . ဒါက ဆရာလင်းသူရလေ"

"ဟုတ်. . . ဆရာ၊ သမီးက သွယ်ကြော့ရှင်းပါ"

"ဒေါ်ယမင်းနွယ်ရဲ့ အစ်မရဲ့သမီးပေါ့"

"ဩော်. . . အင်း ထိုင်လေ ညီမ"

သုံးယောက်သား တစ်ယောက်တစ်ပေါက်စီဆိုကြရင်း သုံးယောက်သား အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။ သူမ၏ ဝဖိုင့်သောခန္ဓာကိုယ်နှင့် လိုက်ဖက်နေသော သွယ်ကျော့ရှင်းဆိုသည့် နာမည်ကြောင့် 'သွယ်ပါပေတယ်' 'ကြော့ရှင်းပါပေတယ်'ဟု သူတွေး မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်ထွန်းကတော့ ဆရာ့ကို ပြောပြီးပြီထင်တယ်၊ သွယ်တလေ ကိုယ်ပိုင်ဗီဒီယိုရုပ်ရှင်ထုတ်လုပ်ရေး ထောင်ပြီးတော့ နာမည်ရ မင်းသားမင်းသမီးတွေနဲ့လည်း ဇာတ်ကားရိုက်မယ်၊ သွယ်ကိုယ်တိုင်လည်း ခေါင်းဆောင်မင်းသမီးလုပ်ပြီး ရိုက်မယ်"

"ခေါင်းဆောင်မင်းသမီး"

မျက်လုံးကြီးပြူးရင်းမေးသော သူ့အမေးကြောင့် သူမက မျက်နှာတစ်ချက်ပျက်ကာသွားသည်။ ပြီး သူ့ကို နားမလည်သလိုကြည့်သည်။

"ဟုတ်တယ်လေ ဆရာရဲ့၊ သွယ်က ငယ်ဂုဏ်လေး၊ အလှဂုဏ်လေးရှိတုန်း မင်းသမီးလုပ်မယ်လေ၊ အသက်ကြီးလာရင်တော့ ဝရိုဂျူဆာလုပ်မယ်"

သူမကိုယ်သူမ ယုံကြည်မှုအပြည့်ရှိဟန်ဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ကာ သူမက ခပ်ပြတ်ပြတ်ပင်ဆိုသည်။ ငယ်ဂုဏ်ရှိတုန်း ဆိုပါလား။

'ဝါး'ခနဲပင် အော်အော်ကာ ငိုလိုက်ချင်စိတ်ပေါက်သွားမိသည်။ ဘယ့်နှယ် ဒါကြီးကို အလှဂုဏ်ဟု ဆိုမည့်အစား အဝဂုဏ်ဟု ဆိုပါက ပိုမိုမှန်ကန်သွားမည်ထင်သည်။

ဇော်ထွန်းကို 'ဘယ့်နှယ်ဟာကြီး ခေါ်လာတာတုန်း'ဟူသော သဘောဖြင့် သူလှမ်းကြည့်သောအခါ ဇော်ထွန်းက မချိသွားဖြဲ ပြုံးပြသည်။ ၎င်း၏ပြုံးပြပုံက ကျားကြီးကိုခေါ်လာစဉ်က ပြုံးပြပုံနှင့် ထပ်တူကျကာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရုပ်ရှင်ဗွီဒီယို ထုတ်လုပ်ရေးတစ်ခု တည်ထောင်ဖို့ဆို တာက ငွေရှိရုံ အနုပညာစိတ်ဓာတ်ရှိရုံနဲ့လည်း မပြီးဘူးလေ၊ ဆရာတို့ လို အနုပညာပိုင်းမှာ ဝါသနာပါပြီး ကျွမ်းကျင်တဲ့ ပံ့ပိုးသူတွေတ လည်း လိုသေးတယ်မဟုတ်လား"

"ဟုတ်တာပေါ့"

သူ အားတင်းကာ ဖွတ်ပြုံးရင်း စိတ်မပါလက်မပါဖြင့် ခေါင်းညိတ်၍ ထောက်ခံဖြစ်သည်။ ဇော်ထွန်းကတော့ ကော်ဖီဖျော် ရန်အလို့ငှာ မီးဖိုဆောင်ဘက် ထွက်ကာသွားသည်။

"သမီးကလေး အဒေါ်ကလည်း လျှမ်းလျှမ်းတောက် ကျော် ကြားတဲ့ အနုပညာရှင်ဆိုတော့ အနုပညာသွေးတွေ ပါလာတဲ့ အနု ပညာသည်မျိုးရိုးမို့လို့လားမသိဘူး သရုပ်ဆောင်ဝါသနာကလေး ငယ်ငယ်ကတည်းက ဝါသနာပါမှန်းမသိ ပါလာတာ၊ ကျောင်းကပွဲ တွေမှာဆိုရင်လေ သွယ်မပါရင်ပွဲမစည်ဘူး"

"ဟုတ်လား"

သူမကိုယ်သူမ 'သွယ်'ဟုဆိုလိုက် 'သမီး'ဟုဆိုလိုက်ဖြင့် စကားကို Non Stop ဆိုနေသော မသွယ်ကြော့ရှင်း၏စကားကို သူ ဟုတ်လားဟုဆိုဖြစ်သည်။

"သွယ်မပါရင် ပွဲဘယ်စည်မလဲ၊ သွယ်က ငယ်ဂုဏ်လည်းရှိ အလှဂုဏ်လည်းရှိတဲ့အပြင် အနုပညာ Talent လည်းရှိသေးတာကိုး"

"ဒါပေါ့"

သူ ခပ်ရွဲ့ရွဲ့ပင် ဒါပေါ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွယ်ကလေ. . . ကိုယ့်ကိုယ်ကို မြှောက်ပင့်ပြီး ဘဝင်ကိုင်နေတာတော့မဟုတ်ဘူး၊ တချို့ဆိုရင် ရုပ်ကလေးပဲရှိပြီး အရည်အချင်းပိုင်းမှာ အားနည်းတယ်လေ၊ အခု သွယ်တို့ကျတော့ ရုပ်ရည်ကော၊ အရည်အချင်းကို ဘာမှကိုပြောစရာမရှိဘူးလေ၊ ဟုတ်တယ်မဟုတ်လား၊ သွယ်က အပြောသက်သက်မဟုတ်ဘူးနော်၊ အလုပ်နဲ့လက်တွေ့ပြမယ်"

ပြောရင်းဆိုရင်း အကျီလက်မောင်းတွေပင့်တာ ဝုန်းခနဲထရပ်သော သွယ်ကြော့ရှင်းကို သူ အလန့်တကြားမော့ကြည့်ဖြစ်သည်။

"သွယ်. . . အခု ထိတ်လန့်တဲ့အိုက်တင်ကို လုပ်ပြမယ်ကြည့်ထား"

"ဩော်. . . အင်း"

ကြိမ်းဝါးသလို လက်သီးလက်မောင်းတန်းကာဆိုသော သူမ၏စကားကို အယောင်ယောင်အမှားမှားဖြင့် 'ဩော်. . . အင်း'ဟု ခေါင်းညိတ်ဖြစ်သည်။

သွယ်က ထိတ်လန့်နေသော အမူအရာဖြင့် စတင်၍ တုန်လှုပ်ဟန်ပြသည်။

"ဘာ. . . ဆရာက သွယ့်ကို မရရအောင်လက်ထပ်မယ်ဟုတ်လား၊ ဆရာရယ် ဆရာ့လို အနုတ်စုတ်ဂုတ်စုတ်က သွယ့်ကို မရရအောင်လက်ထပ်မယ်တဲ့လား၊ သွယ့်လို လှပကြော့ရှင်းတဲ့ မိန်းမတစ်ယောက်ကို ဒီလိုမတန်မရာ မလိုချင်ပါနဲ့ဆရာ၊ လုံးဝမဖြစ်နိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



တိစ္စပါ”

‘ဘာ’ဟု ဆောင့်ကြီးအောင့်ကြီး အော်စဉ်ကတည်းက လန့်ဖျန့်သွားရသည်မို့ နှလုံးတုန်ကာနေတုန်း သူမဆိုလိုက်သော ဒိုင်ယာလော့ခ်များကြောင့် သူ နင်တင်တင်ကြီး ဖြစ်သွားရသည်။ ကော်ဖီပန်းကို ကိုင်လာသော တပည့်ကျော်ကို လှမ်းကြည့်လိုက်တော့လည်း ဆရာသမားမျက်နှာက ပြုံးစိစိ။

“အခုဖျော်လာတဲ့ ကော်ဖီထဲမှာ အိပ်ဆေးတွေခပ်ထားတာ သွယ်မသိဘူးထင်လို့လား။ သွယ်မသောက်ဘူးနော်၊ သွယ့်ကိုအတင်း မတိုက်နဲ့၊ ဟင့်အင်း. . . ဟင့်အင်း သွယ်မသောက်ဘူး၊ ရှင်တို့မယုတ်မာနဲ့”

သူမ၏အသံတို့က တစ်စထက်တစ်စ ပိုကျယ်လောင်ကာ လာသည်။ ပတ်ဝန်းကျင်မှ ကြားသွားပါက အခြေအနေမကောင်း။ ကော်ဖီပန်းကန်ကိုင်လာသော ဇော်ထွန်းပင် နေရာ၌မျက်လုံးပြူးကာ ရပ်တန့်လို့သွားသည်။

“ကဒ်. . . ကဒ်၊ ရပြီ၊ ရပြီ”

သူ လက်ဝါးကာရင်း ပျာပျာသလဲဆိုဖြစ်သည်။

“ဘယ်လိုလဲဆရာ. . . လျှပ်တစ်ပြက် အဖြစ်အပျက်ကို သွယ် သရုပ်ဆောင်လိုက်တာလေ၊ အဆင်ပြေရဲ့လားဟင်”

“အာ. . . မိုက်တယ်၊ လုံးဝမထင်ရဘူး၊ ကဲ ကဲ ဇော်ထွန်း ကော်ဖီပန်းကန်ကိုင်ပြီး ကြောင်တောင်တောင်လုပ်မနေနဲ့ ချပေး လိုက်လေ”



www.burmeseclassic.com

www.burmeseclassic.com



သူ စကားလမ်းကြောင်း လွှဲသည့်အနေဖြင့် ဇော်ထွန်းကို ခပ်ငေါက်ငေါက်ဆိုဖြစ်သည်။ ဇော်ထွန်းက ဟုတ်ကဲ့ဟုဆိုရင်း ကော်ဖီပန်းကန်ကို သူမရှေ့သို့ချသည်။

ပြီး. . .

"ဘာအိပ်ဆေးမှ ခတ်မထားပါဘူး၊ စိတ်ချလက်ချသောက်"

ဟု စပ်ဖြီးဖြီးဖြင့်ဆိုသည်။

သွယ်ကြေ့ရှင်းကတော့ 'အဟဲ'ဟု ရှက်အမ်းအမ်းဖြင့် ရယ်သည်။ ပြီး ကော်ဖီကို တစ်ငုံသောက်လိုက်ရင်း. . .

"ဒီတစ်ခါတော့ ဆရာ့ကို အငိုပုံစံလေးသရုပ်ဆောင်ပြချင်တယ်"

ဟု ဆိုသည်။

ရုတ်တရက်ဆိုသော သူမ၏စကားကြောင့် သူ လန့်ကာသွားသည်။

"အာ. . . မဟုတ်တာ၊ အရိပ်ပြရင် အကောင်မြင်ပါတယ်၊ စောစောက အက်တင်နဲ့တင် ဘယ်လောက်လုပ်နိုင်တယ်ဆိုတာ ခန့်မှန်းမိပါတယ်၊ ရပြီ၊ ညီမလေးပင်ပန်းပါတယ်၊ မလုပ်နဲ့တော့၊ ရတယ်၊ အဟဲ"

လက်ကိုကာပြရင်း သူ ကမန်းကတန်းဆိုဖြစ်သည်။

"သွယ်က တစ်ထွာလောက်ပြတာကို ဆရာက တစ်တောင်လောက်မြင်ပြီပေါ့"

"အင်း. . . မြင်ပြီ၊ ရပြီနော်၊ လုပ်မပြတော့နဲ့၊ မောမှာစိုးလို့"

www.burmeseclassic.com

www.burmeseclassic.com



သူ သွားဖြီးပြရင်း ဆိုဖြစ်သည်။

"အာ. . . ရောက်လက်စနဲ့တော့ မထူးပါဘူးဆရာရယ်၊ သွယ် ဘယ်လောက်လုပ်နိုင်တယ်ဆိုတာ တစ်ခါထဲပြသွားမယ်၊ အို အချိန်ကြာပါတယ် သွယ် အခုပဲလုပ်ပြမယ်၊ အငိုပုံစံလေးနော်၊ ဝမ်းနည်းပက်လက်ပုံစံလေးပေါ့"

ပြောပြောဆိုဆို သူမက လက်ထဲမှကော်ဖီခွက်ကို ဂွပ်ခနဲ စားပွဲပေါ်ချပြီး ဆတ်ခနဲ သူ့ဘေးကို ဖြုန်းစားကြီးရောက်လာသည်။

"မောင်"

"ဗျာ"

သူမက ရုတ်တရက်ကြီး ဝမ်းနည်းပက်လက်မျက်နှာကြီးဖြင့် မောင်ဟု တုန်ယင်စွာခေါ်လိုက်သည်မို့ သူယောင်ရမ်းပြီး ဗျာဟုထူး ဖြစ်သွားသည်။

သူမ၏နှုတ်ခမ်းတို့က တဆတ်ဆတ်တုန်လာပြီး မျက်ရည်တို့ က တရစပ်ပါးနှစ်ဖက်ပေါ် လိမ့်ဆင်းကျကာလာသည်။

"မောင်. . . သွယ့်ကို မထားခဲ့ပါနဲ့မောင်ရယ်၊ သွယ် ဘာ အမှားလုပ်မိလို့လဲဟင်၊ ပြောပါဦးမောင်ရယ်၊ ပြောပါဦး"

ရုတ်တရက် သူ့ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲခါရင်း ဆိုလိုက်သည့် စကားကြောင့် သူ့ရင်ဝမှာ နင်ကာလာသည်။

"လုပ်ရဲရင် ခံရဲရမှာပေါ့မောင်ရဲ့၊ သွယ် အခုလွယ်ထားတဲ့ မောင့်ရဲ့ရင်သွေးအတွက် မောင်တာဝန်ယူရဲရမယ်လေ"

"ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှနေ ဟင့်ဖြစ်သည်။ လူကို လက်နှစ်ဖက်ဖြင့် ပယ်ပယ်နယ်နယ် ဆွဲခါနေသော သူမ၏စကားလုံးတို့က တခြားလူ သာ ကြားသွားလျှင် ပြဿနာ။

"ဘာ"

ရုတ်တရက် သူမက ဆောင့်ကြီးအောင့်ကြီးဖြင့် 'ဘာ'ဟု အလန့်တကြားထအော်သည်မို့ သူ လန့်ဖျပ်ကာသွားရသည်။

"သွယ်. . . လွယ်ထားတဲ့ မောင့်ရဲ့ရင်သွေးကို မောင်တာဝန် မယူနိုင်ဘူး ဟုတ်လား၊ ရက်စက်လိုက်တာမောင်ရယ်၊ မောင်အရမ်း ရက်စက်တယ်၊ မောင် ယောကျ်ားမဟုတ်ဘူး"

မုဒ်တွေဝင်လာလို့လားမသိ သူမက ငိုရင်းယိုရင်းက သူ့ရင် ဘတ်ကို တအုန်းအုန်းဖြင့်ထုသည်။ ပြီး သူ့ကို ဆတ်ခနဲ ဆောင့်တွန်း ပြီး. . .

"မောင်က သွယ့်ကို ကြောရရုံကြံတာပေါ့လေ၊ မရဘူးမောင်၊ သွယ်က မောင်ထင်ထားသလို ခပ်ညံ့ညံ့မိန်းမမဟုတ်ဘူး၊ ပြော အခု ပြော မောင်နဲ့ရတဲ့ ဒီကိုယ်ဝန်ကို မောင်ဘယ်လိုရှင်းပေးမလဲ၊ မောင် မရက်စက်ပါနဲ့မောင်ရယ်၊ သွယ့်ကို မသနားရင်နေပါ၊ မောင့်ရဲ့ ရင်သွေးလေးကိုတော့ ငဲ့ညှာဦးမှပေါ့၊ ကလေးမှာ ဘာအပြစ်မှ မရှိပါ ဘူးမောင်ရယ်၊ အဟင့်. . . ဟင့်"

ဆက်တီစားပွဲပေါ် မှောက်ကာ 'တဟင့်. . . ဟင့်'ဖြင့် အစိ အပြင် ရှိုက်ကာရှိုက်ကာငိုနေသော သွယ့်ကိုကြည့်ကာ ခြောင်နေရာ မှ ရုတ်တရက် သူ သတိရပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ကဒ် . . . ကဒ် . . . OK "ဟု သူအော်ဖြစ်သည်။

ထိုအခါမှ သွယ်က မျက်ရည်စတို့ကို သုတ်ရင်း မော့လာကာ

"အဆင်ပြေလား ဆရာ"

ဟု မခို့တရို့မေးသည်။

"ပြေပါတယ်၊ Mood အရမ်းကောင်းလွန်းလို့ အရမ်းပီပြင်လွန်းလို့ ဆရာတောင် လိုက်ငိုချင်လာတယ်၊ တကယ်ပြောတာ၊ တကယ့် တကယ်ကြီးကို ငိုချင်သွားတာ"

သူ မချိရယ်ရယ်ရင်း ဆိုဖြစ်သည်။ သူ့ရင်ထဲကလာသော ရင်တွင်းဖြစ် အမှန်စကား။ ကြေကြေကွဲကွဲဆိုဖြစ်သော အမှန်တရား။

"ခံစားမှုတွေ ကူးဆက်သွားတဲ့ သဘောပေါ့ဆရာရယ်၊ သွယ်ကလည်း သရုပ်ဆောင်ကောင်းလွန်းနေတာကိုး၊ ဒီလိုမျိုး Mood ကို ချက်ချင်းသွင်းနိုင်စွမ်း သွယ့်မှာရှိတယ်ဆိုတာ ယုံပြီလားဆရာ"

"ယုံပါပြီ သွယ်ရယ်၊ ယုံပါပြီ၊ သွယ်က တကယ့်ပါရမီရှင်ပဲ"

သူ့ရွဲ့ကာ ခပ်ရွှတ်ရွှတ်ဆိုဖြစ်သည်။

"အခု သွယ် စိတ်ဖောက်ပြန်နေတဲ့ ကာရိုက်တာကို မျက်လုံးနဲ့ သရုပ်ဆောင်ပြမယ်"

"ဟင် . . . သရုပ်ဆောင်ပြဦးမယ် ဟုတ်လား"

သူ အလန့်တကြား ဆိုဖြစ်သည်။ သူ့ပုံစံကိုကြည့်ပြီး ဇော်ထွန်းကတော့ ခွီးခနဲရယ်သည်။ သွယ်ကြော့ရှင်းကတော့ ဘာကိုမှ ဂရုစိုက်ဟန်မတူ ဟုတ်ဟုဆိုသည်။

"ရပါပြီ သွယ်ရဲ့၊ သွယ် ကာရိုက်တာပေါင်းစုံ သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်ဆိုတာ အစ်ကိုယုံပါတယ်၊ မောနေပြီမယ် သွယ်ရယ်၊ ရပြီ ရပြီ၊ လုပ်မပြတော့နဲ့"

"ဆရာရယ် ရောက်တုန်းရောက်ခိုက် သွယ် ဘယ်လောက် လုပ်နိုင်တယ်ဆိုတာ အပြောတင်မဟုတ် လက်တွေ့ပါပြဦးမယ်လေ၊ ကဲပါ စိတ်ဖောက်ပြန်နေတာကို မျက်လုံးတွေနဲ့ပါ သရုပ်ဆောင်ပြမယ်၊ စပြီနော်"

အက်တင်ကို တော်တော်ကြီး ရှုံးသွပ်နေဟန်ရှိသော သွယ့်ကို သူမတားနိုင်တော့။ သွယ်ကတော့ ရုတ်တရက် မျက်လုံးကိုပြူးကာ မျက်ဆံကိုတောင်ကပ်မြောက်ကပ်ဖြင့် လုပ်ပြသည်။ သဘောက အသိစိတ်လွတ်ကာ စိတ်ဖောက်ပြန်နေသည်ဆိုသည့်သဘော။

"မလာကြနဲ့နော်၊ မလာကြနဲ့"

သူမက ထိုင်ခုံပေါ်ထိုင်နေရာမှ နောက်သို့ဆုတ်ကာ ဆုတ်ကာဖြင့် ရွေ့သွားရင်းက ဆိုသည်။ မျက်လုံးတို့ကမူ ပြူးကျယ်လျက်။ မျက်ဆံတို့ကတော့ ဂဏှာမငြိမ်။

"ဟား. . . ဟား. . . ဟား ငါ့ကိုအရူးတဲ့လား၊ ငါမရူးဘူး၊ နင်တို့ကသာ ရူးနေတာ၊ အရူးတွေရဲ့ ဟား ဟား ဟား၊ အဟား ဟား ဟား အရူးတွေ"

သူနှင့်ဇော်ထွန်းကို လက်ညှိုးငေါက်ငေါက်ထိုးကာ 'အရူးတွေ'ဟု ပယ်ပယ်နယ်နယ်ဆိုရင်း တဟားဟားဖြင့် သူမရယ်သည်။

သူ ရုတ်တရက် သတိရလာပြီး ကဒ်. . . ကဒ် ဟု ထအော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုအခါမှ သူမက ပုံမှန်ပုံစံပြန်လုပ်ရင်း. . .

"OK လားဆရာ"

ဟု ရှက်အမ်းအမ်း အမူအရာဖြင့်ဆိုသည်။

"အရမ်းကောင်းတယ် သွယ်ရယ်၊ လုံး၀ အကယ်ဒမီရနိုင်တဲ့ သရုပ်ဆောင်မှုမျိုးပဲ၊ တကယ့်ကို Talent ရှိတာပဲ"

သူစိတ်ထဲ ချဉ်ချဉ်ရှိသည်မို့ ဆိုဖြစ်သည်။

"အပြင်မှာရှူးနေတဲ့ အရှူးတောင် သွယ့်လောက်ရှူးပြနိုင်မှာ မဟုတ်ဘူး၊ သွယ်က ပိုရှူးနိုင်တယ်၊ တကယ်ပြောတာ"

ဇော်ထွန်းကလည်း မချိုမချဉ်ဖြင့် ဆိုသည်။ သွယ်ကတော့ သူ့ကိုနှိပ်ကွပ်လို့ ကွပ်မှန်းမသိ ပြုံးလို့သာနေတော့သည်။ နှုတ်ကလည်း 'တကယ်လား'ဟု ဆိုလိုက်သေးသည်။

ဘာရယ်မဟုတ် ဆရာတပည့်နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။ သူ စိက်မသက်မသာဖြင့် သက်ပြင်းကို ဟင်းခနဲ ခိုးကာချဖြစ်သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ပရိုဂျူဆာသရုပ်ဆောင်တစ်ယောက် လာသွားတယ် ဆို၊ ကိုဇော်ထွန်းနဲ့ ညနေခင်းကဆုံလို့ ပြောပြသွားတယ်၊ အစ်ကို လည်း ကံကောင်းလာပြီနော်"

"ကံကောင်းမကောင်းတော့ မပြောတတ်ဘူးနှင်းရေ၊ ကိုယ့် ရင်ဘတ်တွေတော့ အထုအထောင်းခံထားရလို့ အောင့်နေတယ်"

ညဖုန်းပြောဖြစ်ကြစဉ် ဆိုသော သူမ၏စကားကို သူပြန်၍ ဆိုဖြစ်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ၊ ဘယ်သူထုသွားလို့လဲ"

သူမ၏အမေးစကားကို ပြန်ရှင်းပြဖို့က တော်တော့

www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားမည်ထင်သည်။

"ဒီလို နှင်းရေ"

သူ နေ့လယ်ခင်းက သွယ်နှင့်ကိစ္စတို့ကို အစအဆုံးပြောပြ ဖြစ်သည်။ သူ့စကားအဆုံးမှာ သူမက တခွီးခွီးဖြင့်ရယ်သည်။

"ဒါဖြင့် အစ်ကိုတို့ ဟိုကိစ္စကို ဘယ်လိုရှင်းလိုက်လဲ"

သူမ၏အမေးကို

"ဘာကိစ္စကိုလဲ"

ဟု သူပြန်မေးဖြစ်သည်။

"ဘာကိစ္စရမှာလဲ၊ အစ်ကိုနဲ့သွယ်တို့ရဲ့ ရင်သွေးကိစ္စပေါ့"

"ဟာ. . . အကောင်းမှတ်လို့ နားထောင်နေတာ၊ လူကြီးကို မနေ့ခက်ရဘူးလေ"

သူ အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

"ကိုယ့်တာဝန် ကိုယ်ယူရဲရမှာပေါ့ အစ်ကိုရဲ့"

သူမက 'တခွီးခွီးရယ်ရင်း ဆိုသည်မို့ သူပါလိုက်ရယ်ဖြစ် သည်။ သူမ၏ရယ်သံတို့က ဖုန်းထဲမှနေ နှလုံးသားသို့ ချိုမြစွာစီးဆင်း ကာနေသည်။

"ကဲ. . . ကဲ ညီမက ရှုတင်အစောကြီးသွားရဦးမှာ မဟုတ် လား၊ အိပ်တော့လေ"

"အင်းပါ၊ Good Night နော် အစ်ကို"

"Have a nice dream နော် နှင်း၊ ကိုယ့်ကိုလည်း အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



ထဲ ထည့်မက်ပေးဦး၊ ဘယ်လိုလဲ ထည့်မက်ပေးမှာလား"

"အာ. . . အစ်ကိုနော်၊ ဘာတွေလျှောက်ပြောနေမှန်းလည်း မသိဘူး"

ရှက်ကိုးရှက်ကန်းဖြင့်ဆိုရင်း သူမ ဖုန်းချသွားသည်။ မရည်ရွယ်ပါဘဲ ပြောဖြစ်လိုက်သောစကားကြောင့် သူ သူ့ကိုယ်သူ အံ့ဩရင်း ရင်ခုန်သွားခဲ့မိသည်။ ဒါ သေချာပေါက် အချစ်ပဲဖြစ်မည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



## တစ်နှစ်ခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

## နပုံးရော ဒုံးရော

အချိန်တန်၍လားတော့မသိ သူ၏တပည့်ကျော် ကျားကြီး၏ ဇာတ်ကားများသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်ကာသွားသလို တပည့်မ သွယ်ကြေ့ရှင်းသည်လည်း နေရာတစ်ခုကို ရရှိကာသွားသည်။

ကျားကြီးသည်လည်း အရင်ကလိုမနွဲ့တော့။ ကျားကျားလျားလျားဖြစ်ကာ အမှန်အကန်ပင် ၎င်းဝါသနာပါသော ဖိုက်တင်ဦးစားပေး အက်ရှင်ကားများကို အသားပေးရိုက်ကူးလာသည်။ ကျားကြီး၏ ကားတော်တော်များများကို သူရိုက်ကူးပေးရသလို သွယ်ကြေ့ရှင်း၏ ကုမ္ပဏီအတွက်လည်း ဇာတ်ကားများစွာကို သူရိုက်ကူးပေးခဲ့ရသည်။

သွယ်က သူမကိုယ်တိုင် ဒရမ်မာကို ရှူးသွင်းသူမို့ အခြားမင်း

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့စြာစ်........

သားမင်းသမီးများဖြင့် သူမ၏ကုမ္ပဏီအတွက် ဒရမ်မာသန့်သန့် ဇာတ်ကားများကို ရိုက်ကူးသလို ရံဖန်ရံခါလည်း သူမကိုယ်တိုင် ဝင်ပြီး သရုပ်ဆောင်တတ်သည်။ ဇာတ်ကားတော်တော်များများကိုလည်း သူနှင့်ကံစပ်သည်ဟုဆိုကာ သူနှင့်သာရိုက်ကူးသည်က များသည်။

ဒါရိုက်တာတစ်ယောက်အနေဖြင့် ကိုယ်ပိုင်ဝင်ငွေဖြင့် သူရုပ်တည်နိုင်လာသလို နှင်းတစ်ယောက်သည်လည်း ကားကြီးများကိုပင် ရိုက်ကူးနေရသော အနေအထားထိ အောင်မြင်ကာလာသည်။ TV ကြော်ငြာများစွာကို လက်ခံရိုက်ကူးရသော သူမ၏အောင်မြင်မှုက တော့ သူ့ထက်သာလွန်သည်ဟု ဆိုရမည်။

သူမ၏ ပိုစတာ၊ ဘီ(လ်)ဘုတ်များကို လမ်းဆုံလမ်းခွ တော်တော်များများမှာ မြင်လာရသည်။ ပြီး သူမတို့မိသားစုသည် လည်း ပို၍ကောင်းသော အခြားတစ်နေရာကို ပြောင်းရွှေ့သွားခဲ့ပြီး ဖြစ်သည်။ မည်မျှပင် အောင်မြင်လာသော်လည်း သူမဘက်ကတော့ သူ့အပေါ်မှာ ပြောင်းလဲမသွား။ ညစဉ်ဖုန်းပြောဖြစ်ကြသလို နေ့စဉ် Message များ အပြန်အလှန် ပို့ဖြစ်ကြသည်။ Propose အတိအကျ မလုပ်သေးသော်လည်း သူမကတော့ သူ့ခြေလှမ်းတို့ကို ကြိုသိနေဟန် တူသည်။

တစ်ပတ်တစ်ခါ တစ်ခါတစ်ရံလည်း ဆယ်ရက်တစ်ခါတော့ ဆိုင်တစ်ဆိုင်ဆိုင်မှာ အေးအေးလူလူ အတူစားသောက်ဖြစ်ကြသည်။ အများကတော့ သူနှင့်သူမကို ချစ်သူတွေဖြစ်နေကြပြီဟု ထင်သော် လည်း တကယ်တမ်းကြ သူမှာ သူမကို Propose ပင်မလုပ်ရသေး။

xxxx

www.burmeseclassic.com

www.burmeseclassic.com



“နှင်းက တစ်နေ့တခြား ပိုပိုလှလာတယ်နော်”

သူ့စကားအဆုံးမှာ သူမက ရှက်ဝဲဝဲဖြင့်ပြုံးသည်။

“အစ်ကိုလည်း တစ်နေ့တခြား ပိုပြီးဖြောင့်လာတယ်နော်၊ ဒါနဲ့ အစ်ကိုနဲ့သွယ်တို့ရဲ့ ရင်သွေးကိစ္စ အိုကေသွားပြီလား”

ပြောင်ချော်ချော်ဖြင့် ဆိုသော သူမ၏စကားကြောင့် ‘အာ’ ဟု ပြောရင်း သူရယ်ဖြစ်သည်။ ဒါ သူမ သူ့ကို တစ်နှစ်ကျော်လောက် မမေ့မလျော့ဖြင့် တောက်လျှောက် နောက်နေကျစကားဖြစ်သည်။

“သွယ်လည်း နာမည်ရလာတယ်နော်”

“အင်း”

ပြုံးစိစိဖြင့်မေးသော သူမ၏အမေးကို သူ ‘အင်း’ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

“အစ်ကိုနဲ့လည်း အတော်လေးအတွဲညီကြတယ်နော်”

“ဘာလဲ. . . ဘာတွေလျှောက်ပြောနေတာလဲ”

သူမ၏ ပြောင်ချော်ချော်အဆိုကြောင့် သူ ရှက်အမ်းအမ်းဖြင့် ‘ဘာလဲ’ဟု ဆိုဖြစ်သည်။ သူမကတော့ ရှက်ကိုးရှက်ကန်းဖြစ်နေသော သူ့ကိုကြည့်ရင်း ခွီးခနဲရယ်သည်။

“ဩော်. . . ဒါရိုက်တာနဲ့ မင်းသမီးနဲ့ အတွဲညီတာကိုပြောတာပါ၊ တလွဲမတွေးပါနဲ့၊ ဒီကရိုးရိုးပြောတာပါ”

သူမက ရွှတ်နောက်နောက်ဆိုသည်။

“အစ်ကိုတို့အတွဲညီနေတာကို နှင်းက သဝန်တိုနေတယ်ပေါ့”

“ဝေးသေး”

သူ့စကားကြောင့် သူမကရယ်ရင်း ဆိုသည်။

“Tissue ယူဦးမလား၊ မငိုရဘူးလေ၊ သူနဲ့အစ်ကိုနဲ့က ရိုးရိုးပါ”

“အောင်မာ”

သူ၏ရွှတ်နောက်နောက်အဆိုကြောင့် သူမက အောင်မာဟု ဆိုရင်း သူ့ပခုံးကို ခပ်ဖွဖွရိုက်သည်။ ပြီး ခစ်ဖွဖွရယ်သည်။

“နှင်းကို ပေးစရာရှိတယ်”

“အင်း. . . ပေး”

သူမက ဘုမသိဘမသိပုံစံဖြင့် ပေးဟုဆိုသည်။ သူဘေး အိတ်ထဲမှ အသည်းပုံ ချောကလက်ဗူးကို ယူပြီး သူမဆီ လှမ်းပေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြီးလဲ"

ရုတ်တရက် ဘာဗူးမှန်းမသိသည်မို့ သူမက 'ဘာကြီးလဲ'ဟု မေးရင်း ယူကာကြည့်သည်။ ချောကလက်ဗူးမှန်း သိသောအခါ သူမမျက်နှာ အနည်းငယ်နီကာသွားသည်။

"ဒီနေ့က Valentine's Day လေ"

"........"

သူ့စကားကို သူမက ဘာတုံ့ပြန်မှုမှမပေး။

"Valentine's Day ရောက်ရင် ကိုယ်ချစ်တဲ့ချစ်သူကို ချောကလက်ပေးရတယ်တဲ့၊ အဲဒါကြောင့် နှင်းကို ချောကလက် ပေးတာ"

"........"

သူမက ဘာစကားမှပြန်မဆို။

"စိတ်ဆိုးသွားလား နှင်း"

"ဆိုးတာပေါ့၊ ကလေးကိုမုန့်ပေးပြီးကြိုက်ဖို့ လုပ်နေတာကိုး"

သူမက ရှက်ကိုးရှက်ကန်းဟန်ဖြင့် ဆိုသည်။

"စိတ်ဆိုးလည်းမတတ်နိုင်ဘူး နှင်းရယ်၊ ကိုယ်နှင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ နှင်းကြည့်တတ်ရင် မြင်မှာပါ"

သူ မျက်နှာပူခြင်း၊ ရင်ခုန်ခြင်းများစွာဖြင့် ဆိုဖြစ်သည်။

သူမကတော့ ခေါင်းကိုငုံ့လို့သာနေသည်။

"နှင်း. . . ကိုယ့်ကိုစိတ်ဆိုးနေတာလား"

"မဆိုးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

“ဒါဖြင့် အဖြေပေးလေ”

“နှင်းက အဲဒီလို လွယ်လွယ်နဲ့ အဖြေပေးမယ့်လူလား”

သူမ၏စကားကြောင့် သူခေါင်းကိုကုတ်ရင်း Sorry ဟုဆိုဖြစ်သည်။ ပြီး တော်တော်နှင့် တစ်ယောက်ကိုတစ်ယောက် စကားမဆိုဖြစ်ကြ။

သူမတော့မသိ။ သူကတော့ ရင်ခုန်ခြင်းတို့ အတိပြီးလျက်ရေကိုသာ မကြာခဏ သောက်သောက်မိနေသည်။ ချစ်ခြင်းက ရင်ပူခြင်းကိုလည်း ဖြစ်စေသည်ကိုး။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"သူ့သမီးနှင်းရတီကျော် နာမည်ကြီးလာတာနဲ့ သူ့အဖေလည်း ဇာတိပြလာတော့တာပဲ"

ဇော်ထွန်းက နှင်းရတီကျော်၏ဖခင် ဦးမြင့်ကျော်၏ အကြောင်းကို ဆိုင်းမဆင့်ဘုံမဆင့် ဆိုသည်။

"ဘာဖြစ်လို့လဲ"ဟု သူမေးဖြစ်သည်။

"ဘာဖြစ်ရမှာလဲ၊ ရှူတင်ကို အရင်က သူ့အမေပဲလိုက်နေကြလေ၊ အခုတစ်ခါတလေ သူ့အဖေပါလိုက်လာပြီးတော့ ဟိုဝင်ရှုပ်ဒီဝင်ရှုပ် လိုက်ရှုပ်နေတယ်တဲ့"

"ဟုတ်လား"

သူ အံ့အားတသင့်ပင် ဆိုဖြစ်သည်။ နဂိုက ဦးမြင့်ကျော်၏ ပုံစံက သဘောကောင်းသော လူအေးတစ်ယောက်ပုံပေါက်နေသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



"စကားပြောတာလည်း တော်တော်လေးမောက်မာတယ်လို့ နာမည်ကြီးနေတယ်"

"သေချာရဲ့လားကွာ"

သူ ဇော်ထွန်းကို ပြန်၍ဆိုဖြစ်သည်။

"သေချာပါတယ်ဆရာရယ်၊ ဟိုတစ်နေ့ကတောင် သူ့သမီး ရှုတင်ကို ကီစွတစ်ခုနဲ့ ကျွန်တော်ရောက်သွားတယ်လေ၊ ကျွန်တော် သွားနှုတ်ဆက်တာကို သူက စကားမပြောချင်သလိုလို ဘာလိုလိုနဲ့ လုပ်လွှတ်လိုက်တယ်"

ဇော်ထွန်းကို သူဘာပြန်ပြောရမှန်းပင်မသိ။

"သူစိတ်မကြည်မလင် ဖြစ်နေလို့လားမှမသိတာ"

"ဆရာရယ်. . . ကျွန်တော် အဲဒီလောက်ထိ လူကဲခတ်မညံ့ ပါဘူး"

ဇော်ထွန်းက ယတိပြတ်ပင်ဆိုသည်။

"နှင်းရတီကျော်ကတော့ အရင်လိုပါပဲ၊ ကျွန်တော့်ကို သူက စပြီး လာနှုတ်ဆက်တယ်၊ အဲဒါကိုမြင်တော့ သူ့ဖအေက မကြည်သလို ကြည့်နေလိုက်သေးတယ်၊ တကယ်အောက်ခြေလွတ်တဲ့လူပဲဗျာ၊ ကျွန်တော်ကတော့ စတီးချိုင့်ကိုင်ပြီး အိမ်ပေါ်ကို သူတို့သားအဖ တက်လာတဲ့ပုံစံကို ပြန်မြင်နေသေးတယ်"

ဇော်ထွန်းက ဟက်ခနဲရယ်ရင်းဆိုသည်။ ဘာရယ်မဟုတ် သူ သက်ပြင်းကိုချဖြစ်သည်။ လူတို့သည် အခြေအနေကိုလိုက်၍ စိတ်ထားတို့ ပြောင်းလဲတတ်ပါသလား။

××××

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . နှင်း"

"အင်း. . . အစ်ကိုပြော"

"နှင်း ဒီလနောက်ဆုံးအပတ်လောက် ရိုက်ရက်ရှိလားဟင်"

"အင်း. . . ဒီလနောက်ဆုံးပတ်၊ မရှိဘူးအစ်ကို၊ နောက်လဆန်းမှရှိမှာ၊ ဘာဖြစ်လို့လဲ၊ အစ်ကိုရိုက်ဖို့ရှိလို့လား"

သူမက ပြန်၍အမေးရှိသည်။

"ဒါင်း. . . ဟုတ်တယ်၊ ဒါဆို အဲဒီရက် အစ်ကို့ကိုပေးနော်၊ အစ်ကိုစီစဉ်ထားလိုက်မယ်၊ ညီမ အတိအကျပြောလေ၊ ဘယ်ရက်ဘာစပြီးအားမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ အစ်ကိုရိုက်မှာဆိုရင် ဘာဇာတ်လမ်းလဲ၊ ဘာမင်းသားရိုက်မှာလဲ မမေးတော့ဘူး၊ နှစ်ဆယ့်တစ်ရက်နေ့ကစပြီး လဆန်းသုံးရက်နေ့အထိ အားတယ်"

"OK... ဒါဆို အစ်ကိုစီစဉ်လိုက်တော့မယ်နော်၊ နောက်မှ မအားဘူးတွေဘာတွေ မလုပ်နဲ့ ဒါပဲ"

"နှင်းက ကလေးမှမဟုတ်တာ၊ စကားကိုတစ်ခါပဲပြောတယ်"

သူမက ဆတ်ဆတ်ထိမခံဆိုသည်။

"ကလေးမဟုတ်ဘူးဆိုတာတော့ ယုံပါတယ်၊ မုန့်ပေးကြိုက်ကြည့်တာ မရဘူး"

ရွှတ်နောက်နောက်ဆိုသော သူ့စကားကြောင့် သူမက ခပ်တိုးတိုးရယ်သည်။

"ဒါနဲ့ ကိုယ့်ကိုချစ်တယ်လို့ နှင်း မပြောရသေးဘူးနော်"

"အောင်မာ. . . ဘာကိစ္စပြောရမှာလဲ"

"မေ့နေမှာစိုးလို့ သတိပေးတာပါ"

"လူလည်ကြီးတော့"

သူမကပြောရင်း ရယ်သည်။ ဘာအဖြေမှ မပေးသေးသော သူမကို သူမချင့်မရဲဖြစ်မိသည်ကတော့ အမှန်ပဲဖြစ်သည်။

"လူကို တမင်ညှင်းဆဲထားတာလား နှင်း၊ အဖြေပေးတော့လေ"

www.burmeseclassic.com

www.burmeseclassic.com

နပုံးဓါ္ ဒုံးဓါ္

"အဖြေပေးပြီးပြီလေ၊ ဒီလနှစ်ဆယ့်တစ်ကနေ နောက်လသုံးရက်အထိ ရက်အားတယ်လို့ ပြောပြီးပြီပဲ၊ ဒါပဲနော် Good Night"

လူလည်ကျကာ သူမက ဖုန်းချကာသွားသည်။ သူ့ရင်တွေ တတော့ ခုန်ကာကျန်ရစ်သည်။

×××××

www.burmeseclassic.com

www.burmeseclassic.com

## ၃၃ မြရင့်အောင်

"ဆရာ"

ဂျာနယ်တစ်စောင်ကို ကိုင်ရင်း အူယားဖားယားဖြင့် ဇော်ထွန်း သူ့ဆီပြေးလာသည်။

"ဘာလဲကွ"

"ဒီမှာဆရာ. . . ဂျာနယ်ထဲမှာ နှင်းရတီကျော်တဒါရိုက်တာတစ်ယောက်နဲ့ နိုင်ငံခြားမှာ ကားသွားရိုက်မယ်လို့ ပြောထားတယ်"

"ဪ. . . ဒါ ဘာထူးဆန်းလို့လဲ၊ မင်းသမီး ဇာတ်ကားရိုက်တဲ့သတင်းက ထူးဆန်းလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်ကားရိုက်တာက မထူးဆန်းပါဘူး၊ ဒါပေမယ့် ရိုက်ရက်က ဆရာ့ကိုပေးထားတဲ့ရက်ကြီးလေ၊ ရိုက်ရက်ပေးထားလို့ ဆရာတောင် မင်းသားတွေရော အကုန်ချိတ်ထားပြီးပြီမဟုတ်လား၊ ဆရာ့ကို ဒါ တမင်အရှက်ခွဲတာပဲ"

"ပြစမ်း"

သူ ဂျာနယ်ကို ယူကာကြည့်ဖြစ်သည်။ သတင်း၏ source က သူမ၏အဖေ ဦးမြင့်ကျော်၏အဖြေ ဖြစ်ကာနေသည်။

သူ သူမဆီ ဖုန်းလှမ်းဆက်ဖြစ်သည်။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်၊ sorry"

သူ ထပ်ခါထပ်ခါခေါ်သော်လည်း ဖုန်းကပိတ်ကာထားသည်ဟု ဖြေလိုက်၊ မအားသေးပါဟု ဖြေလိုက်။

"ဆရာ့ဖုန်းကို မကိုင်ချင်လို့ Black list လုပ်ထားတာနေမှာပေါ့"

ဇော်ထွန်း၏ စကားအဆုံးမှာ သူ ဂျာနယ်ကိုကိုင်ရင်း လျှောက်လာခဲ့ဖြစ်သည်။

"ဆရာဘယ်လဲ"

"ဒီနေ့ သူ့ရှူတင်ဘယ်မှာဆိုတာ ငါသိတယ်၊ သွားရှင်းမလို့"

သူ ဇော်ထွန်းကို ပြန်အော်ခဲ့ရင်း လာသော Taxi တားတိုတားဖြစ်သည်။ ကားပေါ်မှာ လူကရှိနေသော်လည်း စိတ်က သူမဆီ ရောက်ကာနေသည်။

ဂျာနယ်ကို ကျစ်နေအောင်ဆုပ်ထားဖြစ်ရင်းသာ တတ်တို

www.burmeseclassic.com

www.burmeseclassic.com

မြရင့်အိုး……

တောက်ခနဲခေါက်ဖြစ်သည်။ သူမသည် ကတိကို လွယ်လွယ်ပေးကာ လွယ်လွယ်ဖျက်တတ်သူလား။

×××××

www.burmeseclassic.com

www.burmeseclassic.com



သူရောက်သွားချိန်မှာ သူမရှုတင်က နားခါစဖြစ်သည်။ သူ့ကိုမြင်တော့ သူမကထရပ်ရင်း 'အစ်ကို'ဟု နှုတ်ခမ်းလှုပ်ရုံ နှုတ်ဆက်သည်။

"ဒါကဘာသဘောလဲ"

သူ ဂျာနယ်ကို သူမရှေ့ရှိစားပွဲပေါ် ပစ်ချရင်း ဒေါကန်ကန်ဖြင့် အော်ဖြစ်သည်။

"အစ်ကို နှင်းရှင်းပြ"

"ဘာမှရှင်းပြစရာမလိုဘူး"

နှင်း၏စကားမဆုံးမှီမှာပင် ဦးမြင့်ကျော်တ ဝင်လာရင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်၍ဆိုသည်။

"ဟုတ်တယ်၊ အဲဒီရိုက်ရက်ကို ငါပေးလိုက်တာ၊ မင်းနဲ့ငါ့သမီးက စာချုပ်ချုပ်ထားလို့လား၊ မင်းလို သာမန်ဒါရိုက်တာကို ရိုက်ရက်ပေးမယ့်အစား အကယ်ဒမီရထားတဲ့ ဒါရိုက်တာတစ်ယောက်ကို နိုင်ငံခြားမှာ သွားရိုက်မယ့်ကားအတွက် ရိုက်ရက်ပေးတာက ပိုကောင်းတယ်ဆိုတာ ကလေးတောင်တွေးတတ်တယ်"

"ဗျာ"

သူတုန်လှုပ်စွာ ဗျာဟု ရေရွတ်ဖြစ်သည်။

"ဖေဖေ"

သူမက သူမ၏အဖေကို ဝင်၍စကားဆိုရန်ပြင်သည်။ ဦးမြင့်ကျော်က ဘာလဲဟု ခပ်ဆောင့်ဆောင့်ဆိုရင်း. . .

"ပြော. . . နင်က ငါလက်နဲ့ရေးထားတာကို ခြေနဲ့ဖျက်မလို့လား"

"ဖေဖေရယ်. . . သမီးတို့က ကတိနဲ့အလုပ်လုပ်ရတာလေ၊ ကိုလင်းသူရကို သမီးကိုယ်တိုင် ရိုက်ရက်ပေးထားတဲ့ကိစ္စကို အဖေက သိသိကြီးနဲ့ ဒီလိုလုပ်တာတော့ မကောင်းပါဘူး၊ ပြီးတော့ သမီးရဲ့ဖုန်းကို ဖေဖေသိမ်းထားတာလည်း မတရားဘူး"

သူမ၏ငိုရင်းဆိုသော စကားကြောင့် သူ 'ဩော်'ဟု ရေရွတ်ရင်း သဘောပေါက်ကာသွားသည်။ သူမ၏အဖေနှင့် သူ၏ကြား သူမ ဗျာများနေရသည်လား။

www.burmeseclassic.com

www.burmeseclassic.com

......နဖူးရေး ဒူးရေး

သူမ၏မျက်ရည်တို့က သူ့ရင်ကို ပူလောင်စေသည်။

"ကိုယ်သဘောပေါက်ပြီ နှင်း၊ ရပါတယ်၊ နိုင်ငံခြားမှာ အကယ်ဒမီရထားတဲ့ ဒါရိုက်တာရိုက်မဲ့ကားက နှင်းအတွက် ပိုအဆင်ပြေပြီး ပိုအတွေ့အကြုံရတာပေါ့နှင်းရယ်၊ ကိုယ်သွားမယ်၊ ကိုယ်အရှုံးကွဲရတာက နှင်းအတွက် အောင်မြင်မှုနဲ့လဲရတာဆိုတော့ တန်ပါတယ်၊ ကိုယ်ကျေနပ်တယ်"

ပြောရင်း လှည့်အထွက် သူမက 'အစ်ကို'ဟုခေါ်ရင်း သူ့လက်မောင်းကို လှမ်းဆွဲကာထားသည်။

"သမီးလွှတ်လိုက်စမ်း၊ သူစိမ်းတစ်ယောက်ကို ဘာမှအားနာမနေနဲ့၊ ဒါအလုပ်လုပ်နေတာ၊ အလုပ်ကို အလုပ်လိုလုပ်ရမှာပဲ"

ဦးမြင့်ကျော်က သူမကို ခပ်ထန်ထန်ဆိုသည်။

"သူက သူစိမ်းမဟုတ်ဘူးဖေဖေ၊ ကိုလင်းသူရက သမီးချစ်သူ"

"ဘာ"

ဦးမြင့်ကျော်က မျက်လုံးပြူးကြီးဖြင့် ဘာဟု ရေရွတ်သည်။ သူ့ရင်မှာတော့ လှပ်ခနဲဖြစ်ကာသွားသည်။

"နင် ခုနကစကားကို ပြန်ပြောစမ်း"

"ကိုလင်းသူရနဲ့ သမီးက ချစ်သူတွေပါဖေဖေ"

"တောက်"

တုန်လှုပ်သွားဟန်ဖြင့် ဦးမြင့်ကျော် တက်တို ???ပြင်းပြင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ရင်း လက်ထဲမှဖုန်းကို ကြမ်းပြင်ပေါ် အားနှင့်ပစ်ပေါက်ကာ ထွက်၍သွားသည်။

သူ နှင်းကို အံ့အားသင့်စွာ ကြည့်ဖြစ်သည်။ သူမက ရှက်ဝဲဝဲဖြင့် ခေါင်းကိုငုံ့ကာထားသည်။

"နှင်း စောစောက သရုပ်ဆောင်လိုက်တာတော့ မဟုတ်ပါဘူးနော်"

သူ သူမကို ငုံ့ကြည့်ရင်းဆိုဖြစ်သည်။

"သရုပ်ဆောင်ပါဆိုမှ သရုပ်မဆောင်ဘဲ ဘာလုပ်ရမှာလဲ"

သူမက ရှက်ဝဲဝဲဖြင့် ညစ်ကျယ်ကျယ်ဆိုသည်။

"ဒါဖြင့် ကိုယ်နဲ့ချစ်သူဆိုတာ ရင်ထဲကလာတဲ့စကားအမှန် မဟုတ်ဘူးလား"

"မဟုတ်တာ"

သူမက ပြောင်ချော်ချော်ဆိုရင်း လှည့်ထွက်ရန်ပြင်သည်မို့ သူ သူမ၏လက်ကို ဖျတ်ခနဲ လှမ်းဆွဲထားဖြစ်သည်။

"ဘာလဲ"

သူမက ရှက်အမ်းအမ်းဖြင့် ဘာလဲဟုဆိုသည်။

"တိကျတဲ့အဖြေပေးပြီးမှ သွားရမယ်၊ တစ်က ကိုယ့်ကိုပေးထားတဲ့ရိုက်ရက်က အတည်လား၊ နံပါတ်နှစ် ကိုယ်နဲ့ချစ်သူဆိုတဲ့ စကားက အတည်လား၊ တစ်ခါထဲပြောနှင်း၊ ကိုယ့်ကို အရွှေးမလုပ်နဲ့"

သူမက သူ့ကို ချက်ချင်းအဖြေမပေးသေး။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

...နဖူးရေး ဒူးရောက်

အတန်ကြာမှ ခေါင်းကိုမော့လာရင်း မချိုမချဉ်ပြုံးကာ. . .

"မေးခွန်းတစ်ရဲ့အဖြေက လုံးဝအတည်ပြောတာ၊ နံပါတ်နှစ်ရဲ့အဖြေကတော့ ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှမပြောတော့နဲ့ ရပြီ"

ရပြီဟုဆိုရင်း သူမ၏ကိုယ်လုံးကို သူ့ရင်ခွင်ထဲ ဆွဲယူတာဖက်ထားဖြစ်သည်။

"ဟော့လူ. . . ဒါဘာလုပ်တာလဲ၊ ဒါရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးနော်"

သူမက သူ့ရင်ဘတ်ကို ပြန်တွန်းကာထားရင်းဆိုသည်။

"ဘယ်သူကရော ရုပ်ရှင်ရိုက်နေတယ်လို့ ပြောလို့လဲ၊ လုံးဝအပြင်မှာ အတည်ချစ်နေတာ၊ ရှင်းပြီလား"

"လွှတ်ကွာ. . . လွှတ်"

BURMESE CLASSIC

သူမက သူ့ကိုတွန်းကာ လွှတ်ဟုဆိုကာနေသည်။

"ကောင်မလေးကိုလွှတ်လိုက်"

ရှုတင်မှ ရင်းနှီးသူတချို့က အော်သူကအော်၊ လက်ခုပ်တီးသူကတီး ဖြစ်ကုန်ကြသည်။ မှတ်သူကမှတ်၊ လက်ခုပ်တီးသူကတီး ဖြစ်ကုန်ကြသည်။

သူကတော့ သူမကို ရင်ထဲမှာ တင်းကြပ်စွာပွေ့ဖက်ထားဆဲ။

တင်းကြပ်စွာ. . . ပွေ့. . . ဖက်. . . ထား. . . ဆဲ။

xxxxx

www.burmeseclassic.com